# ဖန်သား မြို့တော်

ပေါလ်ဩစတာ

ဒီနိုဝို ပြန်ဆိုသည်

# လူသားအမှတ်သရုပ် ရှာဖွေသူ ပို့စ်မော်ဒန် စုံထောက်စာရေး ဆရာ ပေါလ်အော်စတာ

လူသားအမှတ်သရုပ် ရှာဖွေသူပို့စ်မော်ဒန် စုံထောက်စာရေး ဆရာ ပေါလ်အော်စတာ

'ကမ္ဘာကြီးကိုက စာအုပ်တစ်အုပ်ပါပဲ' ဟု ဆိုခဲ့သည့် ပေါလ်အော် စတာမှာ အမေရိကန် ဝတ္ထုရေး ဆရာ၊ အက်ဆေးဆရာ၊ ဘာသာပြန်ဆရာ နှင့် ကဗျာဆရာ တစ်ယောက် ဖြစ်ပြီး သူ၏ ရုပ်ထွေးသည့် လျှို့ဝှက် ဆန်းကြယ်ဝတ္ထုများ မှာ အများ အားဖြင့် လူသား၏ အမှတ်သရုပ်နှင့် ကိုယ်ပိုင် အဓိပ္ပာယ်ကို ရှာဖွေသည့်ဝတ္ထုများ ဖြစ်သည်။ (အဓိပ္ပာယ်မဲ့ ကိုးရိုးကားရား နိုင်မှု ) Absurdism၊ ဖြစ်တည်မှု ပဓာနဝါဒ (Exitentialism)၊ မှုခင်း စုံထောက် ဝတ္ထုပုံစံတို့ကို ရောမွှေတတ်သူဟု လူသိများ သည်။ အော်စတာမှာ သူ၏ BA နှင့် MA ဘွဲ့များ ကို အင်္ဂလိပ်နှင့် နှိုင်းယှဉ်စာပေဘာသာရပ် များ နှင့် ကိုလံဘီယာတက္ကသိုလ်က အောင်မြင်ခဲ့သည်။ ကျောင်းတက်ရင်း ပြင်သစ်ကဗျာဆရာများ ကို သဘောတွေ့ခဲ့ပြီး သူ၏ စာပေလမ်းကြောင်းကို ကဗျာဆရာ၊ ဘာသာပြန်ဆရာ၊ အက်ဆေးဆရာအ ဖြစ် စတင်ခဲ့သည်။

သို့သော် သူက "ကျွန်တော့် အိပ်မက် ကတော့ အမြဲတမ်း ဝတ္ထုတွေ ရေးနေဖို့ပဲ၊ အဲဒီ လို အိပ်မက်နေခဲ့တာ ဟိုးအစကတည်းကပဲ။ ကျွန်တော် တွေ့ကြည့်တာတော့ တခြားအရာတွေ နဲ့ ယှဉ်လိုက်ရင် ဝတ္ထုရေး ရတာ ကိုယ့်ရဲ့ ဘက်ပေါင်းစုံကို ဖော်ထုတ်ဖို့ အခွင့်အရေး ရသလိုပဲ" ဟု ဆိုခဲ့သည်။

ကိုလံဘီယာတက္ကသိုလ်မှ ၁၉၇၀ တွင် MAဘွဲ့ရခဲ့ပြီးနောက် ပြင်သစ်ကို ပြောင်းရွှေ့နေထိုင်ခဲ့ပြီး ပြင်သစ်စာရေး ဆရာများ ၏ အရေး အသားများ ကို စတင်ပြန်ဆိုခဲ့ကာ သူ၏ ကိုယ်ပိုင်အရေး အသားများ ကိုလည်း အမေရိကန်ဂျာနယ်များ တွင် ရေး သားခဲ့သည်။ ၁၉၈၅ မတိုင်မီ သူ့မှာ မထင်မရှား လက်ရာများ နှင့် ကုန်ဆုံးနေခဲ့ပြီး သူ၏ The New York Trilogy စာအုပ်ဖြင့် ဝေဖန်ရေး ဆရာများ ၏ အာရုံစိုက်မှု ကို ရရှိခဲ့သည်။

The New York Trilogyစာအုပ်မှာ ပို့စ်မော်ဒန် စုံထောက်ဝတ္ထုစမ်းသပ် အရေး အသားဝတ္ထုဖြစ်သည်။ ၁၉၈၇ တွင် အပြီးသတ် ထုတ်ဝေခဲ့ပြီး နောက် သူ့ကို စောင့်ကြည့်ရမည့် အလားအလာကောင်းသူ တစ်ယောက် အ ဖြစ် သတ်မှတ်ခဲ့ကြသည်။ ထိုသုံးအုပ်တွဲ ဝတ္ထုကြီးတွင် မှုခင်း စုံထောက် စာရေး ဆရာက လျှ ့ဝှက်ဆန်းကြယ်ကိစ္စတစ်ခုတွင် ပတ်သက်ရှုပ်ထွေးပြီး သူ့ကိုယ် သူ ဘဝအမျိုးမျိုးနေရာက နေခဲ့သည့် မှန်သားမြို ့တော် (City of Glass 1985)၊ အလွတ်စုံထောက် အပြာကို အဖြူ ဟုခေါ်သည့် အမှု သည် တစ်ယောက် က အလုပ်အပ်ပြီး အမည် းဟုခေါ်သည့် လူ တစ်ယောက် ကို တောက်လျှောက်စောင့်ကြည့်စေသည့် တစ္ဆေ (Ghost 1986) နှင့် ပျောက် နေသည့် စာရေး ဆရာ၏ ကိုယ်ရေး အတ္ထုပ္ပတ္တိကို ရှာဖွေရင်း တဖြည်းဖြည်း သူ့ကိုယ်သူ ထိုစာရေး ဆရာနှင့် ထပ်တူပြုလာမိသည့် စာရေး ဆရာ တစ်ယောက် ၏ ဇာတ်လမ်း ပိတ်ထားသည့်အခန်း(The Locked Room 1986) တို့ ပါဝင်သည်။ ထိုဝတ္ထုများ မှာ သမားရိုးကျစုံထောက်ဝတ္ထုမျိုးမဟုတ်။ ဖြစ်တည်မှု ကိစ္စများ ကို ကိုင်တွယ်ရန်နှင့် ကိုယ်ပိုင်အမှတ်သရုပ်(Identity)၊ နေရာ၊ ဘာသာစကားနှင့် စာပေတို့ကို မေးခွန်းထုတ်ရန် စုံထောက် ဝတ္ထုပုံစံကို ယူထားခြင်း ဖြစ်သည်။ သူ၏ ကိုယ်ပိုင်ပို့စ်မော်ဒန်ပုံစံတစ်ခုကို ဖော်ထုတ်ထားခြင်း ဖြစ်သည်။

အမေရိကန် စာရေး ဆရာများ ဖြစ်သည့် ပိုး၊ ဟောသွန်း၊ မဲလ်ဗီး တို့၏ လွှမ်းမိုးမှု များ ကို သူ၏ ဝတ္ထုများ တွင် အထင်အရှားတွေ ့ရသော် လည်း အခြားသော စာရေး ဆရာများ ၊ ဒဿ နပညာရှင်များ ဖြစ်ကြသည့် မွန်တိမ်း၊ ပါစကယ်၊ ဗေဂင်စတိုင်း၊ မာလူပွန်တီနှင့် ဘက်ကတ်တို့၏ လွှမ်းမိုးမှု များ ကိုလည်း တွေ ့ရသည်။ သူ့ကို အဓိက လွှမ်းမိုးသည့် အတွေ းအခေါ်နှစ် ခုမှာ လာကန်(Jacques Lacan) ၏ စိတ်သရုပ်ခွဲမှု (Psychoanalysis) နှင့် သော ရိုး၊ အီမာဆင်တို့၏ ရုပ်လွန်ဝါဒ(Transcendentalism) တို့ ဖြစ်သည်ဟု ဆိုသည်။

ကိုယ်ပိုင်အမှတ်သရုပ်နှင့် ကိုယ်ပိုင်ဘဝအဓိပ္ပာယ်ရှာဖွေမှု ကို သူ၏ နောက်ပိုင်းအရေး အသားများ တွင် လည်း အများ အပြား တွေ ့ရသည်။ အများ စု မှာ ကြုံကြို က်တိုက်ဆိုင်မှု နှင့် ပရမ်းပတာ အ ဖြစ်အပျက်များ အပေါ် အကြီး အကျယ်

အာရုံစိုက်ထားသည်(The Music of Chance)။ သို့မဟုတ် လျှင်လည်း လူနှင့် သူ၏ အပေါင်းအဖော်များ၊ သဘာဝ ပတ်ဝန်းကျင်အကြား ဆက်နွယ်မှု ကို စေ့ငုထားသည်(The Book of Illusions, Moon Palace)။ အော်စတာ၏ ဇာတ်ကောင်များ မှာ တခြားလူ တစ်ယောက် ၏ နားမလည် နိုင်သော အစိတ်အပိုင်းများ၊ ဒါမှမဟုတ်လည်း ဘဝထက်ကြီးကျယ်သော အကြံအစည်များ ကို ကိုင်တွယ်ဖို့ရန် အမြဲစိတ်သန်နေခဲ့သည်။

* 1989 Prix France Culture de Litterature Etrangere for The New York Trilogy * 1990 Morton Dauwen Zabel Award from the American Academy of Arts and Letters * 1991 PEN/Faulkner Award for Fiction finalist for The Music of Chance * 1993 Pix Medicis Etranger for leviathan * 1996 Bodil Awards-Best American Film:Smoke * 1996 Independent Spirit Award-Best First Screenplay: Smoke * 1996 John William Corrington Award for Literary Excellence * 2003 Fellow of the American Academy of Arts and Sciences * 2006 Prince of Asturias Award for Literature (received in previous years by Gunter Grass, Arthur Miller, and Mario Vargas Llosa) * 2006 Elected to the American Academy of Arts and Letters for Literature * 2007 Honorary doctor from the University of Liege * 2007 Commandeur de J'Ordre des Arts et des Lettres * 2010 Medaille Grand Vermeil de la ville de paris

Fictions

* Squeeze Play (1982) (uavmifemrnf Paul Benjamin) * The New York Trilogy (1987) - City of Glass (1985)

- Ghosts (1986)

- The Locked Room (1986)

* In the Country of Last Things (1987) * Moon Palace (1989)

* The music of chance (1990)

* Auggie Wren's Christmas Story (1990) * Leviathan (1992)

* Mr.Vertigo (1994)

* Timbuktu (1999)

* The Book of Illusions (2002) * Oracle night (2003)

* The Brooklyn Follies (2005) * Travels in the Scriptorium (2006) * Man in the Dark (2008)

* Invisible (2009)

* Sunset park (2010)

Poetry

* Disappearances: Selected Poems (1988) * Ground Work: Selected Poems and Essays 1970-1979 (1991) * Collected Poems (2007)

Screenplays

* The Music of Chance (film) (1993) * Smoke(1995)

* Blue in the Face(1995)

* Lulu on the Bridge(1998)

* The Inner Life of Martin Frost(2007)

Essays, memoirs, and autobiographies

* The Invention of Solitude (1982) * The Art of Hunger (1992)

* The Red Notebook (1995)

* Hand to Mouth (1997)

* Collected Prose (first edition, 2005; expanded second edition, 2010) * Winter Journal (2012)

Edited collections

* The Random House Book of Twentieth-Century French Poetry (1982 ) * True Tales of American Life (First published under the title I Thought My Father Was God, and Other True Tales from NPR's National Story Project) (2001)

Translations

* "The Uninhabited: Seleted Poerms of Andre du Bouchet" (1976) * Life/ Situations, by Jean-paul Sartre, 1977(in collaboration with lydia Davis) * A Tomb for Anatole, by Stephane Mallarme (1983) * Chronicle of the Guayaki Indians (1998) (translation of Pierre Clastre's ethnography Chronique desindiens Guayaki) * The Notebooks of Joseph Joubert (2005) * Vicious Circles: Two fictions and "After the Fact", by Maurice Blanchot, 1999

Miscellaneous

* The Story of My Typewriter with paintings by Sam Messer (2002) * "The Accidental Rebel" (Wed.April 23 article in New York Times)

# ကျွန်တော် နှင့် နယူးယောက် သုံးအုပ်တွဲ ဝတ္ထုကြီး

တကယ်တော့ ကျွန်တော် အရင်က Paul Auster ကို မဖတ်ဖူးပါ။ The New York Trilogy ကိုလည်း မကြားဖူးပါ။ လက်ရှိခေတ်ပြိုင် အမေရိကန် စာရေး ဆရာများ ကိုလည်း နာမည် ကြီးအချို့မှလွဲ၍ သိပ်ပြီး မသိလှပါ။ ကိုယ့်ကိုယ်ကိုယ်လည်း ဘာသာပြန်အလုပ်ကိုလုပ်ဖို့ ဘယ်တုန်း ကမှ စိတ်မဝင်စားခဲ့ပါ။ ယုံကြည်မှု လည်း မရှိခဲ့ပါ။ အထူးသဖြင့် ရသစာပေ ဘာသာပြန်ရသည့် အလုပ်မျိုးကို ကိုယ့်အရာဟု တွေးကြည့်လို့ကို မရခဲ့။ ဒါမျိုးက မူရင်းဘာသာစကားရော မြန်မာစာအရေး အသားပါ ပိုင်နိုင်သည့် ဆရာများ သာ လုပ်နိုင်သည့် အလုပ်ဟု မှတ်ယူခဲ့သည်။ ကျွန်တော့် မှာ ဤအရည်အချင်း နှစ် ခုလုံး မရှိ။

တစ်ဖက်တွင် လည်း မြန်မာစာပေလောကမှာ ရေသေအိုင်ကြီးပမာ အသစ် အသစ်သော စာပေလက်ရာဖန်တီးမှု မျိုးတွေ မတွေ့ရတော့။ လွန်ခဲ့ သည့် အနှစ် နှစ် ဆယ်၊ သုံးဆယ်က အရေး အသားများ ၊ စာပေအယူအဆ များ ဖြင့် သာ ရေး နေကြဆဲ ဖြစ်သည်ကို သတိပြုမိပါသည်။ မော်ဒန်၊ ပို့စ် မော်ဒန် အယူအဆများ ကို ကျယ်ကျယ်လောင်လောင် ငြင်းခုံဆွေးနွေးနေ ကြသော် လည်း အနှီစာပေလက်ရာများ ကို ကျွန်တော် တို့ ဖတ်လည်း မဖတ် ဖူး၊ မြင်လည်း မမြင်ဖူး။ မော်ဒန်၊ ပို့စ်မော်ဒန်မှရယ် မဟုတ်။ ကမ္ဘာမှာ ယနေ့ ယခု ရေး သားနေကြသော ၊ စာအုပ်ဆိုင်များ ပေါ်မှာ မနေ့တစ်နေ့ကမှတင်ထားကြသော စာအုပ်များ ကို ကျွန်တော် တို့ မြန်မာစာဖတ်ပရိသတ်များ မြင်လည်း မမြင်ဖူး၊ ကြားလည်း မကြားဖူး။ ဤမျှအထိ ကမ္ဘာ့စာပေလောက နှင့် ကျွန်တော် တို့ အဆက်ပြတ်နေခဲ့သည်။ သည့်အတွက် ပင်ကို အနုပညာ အခံလေးများ ဖြင့် သာ ရေး သားနေကြသော ယနေ့ မြန်မာစာပေအရေး အသား များ မှာ အကန့်အသတ်များ စွာ ရှိနေခဲ့သည်ကို တွေ့နေခဲ့ရပါသည်။

သည့်အတွက် ကမ္ဘာ့စာပေကို တတ်သလောက် မှတ်သလောက် အင်္ဂလိပ်စာဖြင့် လိုက်ဖတ်ကြည့်ခဲ့သည်။ ဟိုလူ သည်လူညွှန်းသော စာအုပ် များ ၊ ကမ္ဘာကျော်စာရေး ဆရာကြီးများ ၊ စာပေဆုပေါင်းများ စွာ ရရှိထားသော စာရေး ဆရာများ စသဖြင့် ။ ကံကောင်းချင်တော့ အင်တာနက်ခေတ်တွင် စာအုပ်ကောင်းများ စွာ ကို အချိန်တိုအတွင်း အခမဲ့ ရယူနိုင်ခဲ့သည်။ သည်လို နှင့် ရလာသော စာအုပ်ကောင်းများ ကို တခြားသူများ ကို

မျှဝေလို့။ တစ်ရက် မှာ သူငယ်ချင်း ဖြစ်သူ စာရေး ဆရာသင့်လူကို စာပေတန်းဝင်သည့် စာအုပ် အချို့ကို ပို့ပေးခဲ့သည်။ သူက ထိုအထဲက Garcia Marquez ၏ Hundred Years of Solitude ကို အရူးအမူး ဖြစ်ကာ နှစ် လအတွင်း ႏ အပြီး ပြန်ခဲ့သည်။ ကျွန်တော်.မှာ သူ့ကိုကြည့်ပြီး တုန်လှုပ်ခဲ့ရသည်။ အံ့အားသင့်ခဲ့ ရသည်။ ဝမ်းသာဂုဏ်ယူခဲ့ရသည်။ စိတ်အားတက်ကြွခဲ့ရသည်။

သည့်လိုနှင့် ဖတ်ပြီး ကြိုက်ခဲ့သည့် ဝတ္ထုတွေ စပြန် ဖြစ်သည်။ မူယာကာမိ၏ Elephant Vanished ဝတ္ထုတို ပေါင်းချုပ်ကြီး၊ Milan Kundera ၏ အကောင်းဆုံး ဝတ္ထုကြီး Unbearable Lightness of Being၊ ပြီးတဲ့နောက် ပေါလ်အော်စတာကို ကမ္ဘာက အသိအမှတ်ပြုခဲ့ရ သည့် The New York Trilogy ဝတ္ထုကြီး၊ ယခု City of Glass က ထိုသုံးအုပ်တွဲ ဝတ္ထုကြီး၏ ပထမဆုံးအုပ်။ နာမည် အကြီးဆုံး စာအုပ်။ ဒီဝတ္ထုတွေ ဖတ်ပြီးမှပဲ ပို့စ်မော်ဒန်ဝတ္ထုဆိုတာ ဒါမျိုးပါလားဟု အနည်းငယ် ရိပ်စားမိခဲ့ရပါသည်။

စိတ်ပြင်းပြသဖြင့် သာ ပြီးအောင် ပြန်ခဲ့ရသည်။ အတော်.ကို မလွယ် ကူလှသည့် အလုပ်မှန်း ပြန်ရင်းနှင့် သိလာခဲ့သည်။ ရှေ့က ဘာသာပြန်ဆရာကြီးများ ကိုလည်း အတော် ချီးကျူး လေးစားတင်မိသည်။ ကမ္ဘာ့စာပေ လက်ရာမွန်များ ကို သူတို့ ပြန်ဆိုပေး၍ သာ ကျွန်တော် တို့ ဖတ်ရသည် မဟုတ်လား။ မူရင်းလက်ရာကို အတတ်နိုင်ဆုံး သစ္စာရှိစွာ ဖြင့် ပြန်ဆိုခဲ့ပါသည်။ အားနည်း ချို့ယွင်းမှု များ ရှိလျှင် သည်းခံခွင့်လွှတ်စေချင်ပါသည်။ တကယ်တော့ စာပေလက်ရာတစ်ခု စာဖတ်သူလက်ထဲရောက်ဖို့ စာရေး သူ တစ်ယောက် တည်း မတတ်နိုင်ပါ။ ဤအတွက် မြန်မာစာပေ ဖွံ့ဖြိုး စေဖို့၊ စာအုပ်ကောင်းများ ထွက်ရှိ စေဖို့ ရေးသူ၊ ဖတ်သူ၊ ထုတ်ဝေသူ၊ ဖြန့်ချိရောင်းချသူအားလုံး တစ်တပ် တစ်အား ပါဝင်ကြစေဖို့ ဆန္ဒပြုလိုက်ပါသည်။

# အခန်း (၁)

ဇာတ်လမ်းက နံပါတ်မှား ရာကနေ စခဲ့သည်။ ဖြစ်ပုံက ညဉ့်နက် သန်းခေါင်ကြီး သုံးကြိမ်တိုင်တိုင် တယ်လီဖုန်းမြည် ပြီး ဖုန်းထဲကနေ သူ မဟုတ်သည့် အခြား တစ်ယောက်ကို မေးနေခဲ့သည်။ နောင်ကြုံခဲ့သမျှပြန်စဉ်းစားနိုင်လာသည့်အခါမှာ တော့ ကြုံကြိုက်မှု တွေကလွဲပြီး ဘာမှ မစစ်မှန်ပါလားဟု သူ ကောက်ချက်ချမိပေလိမ့်မည် ။

သို့ သော် ဒါက အတော် လေးကြာမှ။ ကနဦးမှာ တော့ အ ဖြစ်အပျက် တွေ နဲ့ သူ့အကျိုးဆက်တွေ ပဲ ရှိနေခဲ့သည်။ ဒီဇာတ်လမ်းက တခြား တစ်မျိုး တစ်မည် များ ဖြစ်နိုင်သေးလား၊ ဒါမှမဟုတ် လူစိမ်းရဲ့ နှုတ်က ပထမဆုံး စကားဟလိုက်ကတည်းက အားလုံးပြဋ္ဌာန်းထားပြီးသားလား။ ဒါတွေ က တော့ မေးစရာကို မလို။ မေးရမည် က ဇာတ်လမ်းကိုယ်၌ ပင်၊ ဇာတ်လမ်းက တစ်ခုခုကို ရည်ညွှန်းလား၊ မရည်ညွှန်းဘူးလားဆိုတာ ကတော့ ဇာတ်လမ်းနဲ့ မဆိုင်။

ကွင်းနဲ့ ပတ်သက်လို့တော့ ကျွန်တော် တို့ သိပ်အချိန်ကုန်ခံစရာ မလို ပါ။ သူ ဘယ်သူလဲ၊ သူ ဘယ်ကလာတာလဲ၊ သူ ဘာလုပ်လဲ ဆိုတာတွေ က ဒီလောက် အရေး မကြီးလှ၊ ဥပမာ သူ သုံးဆယ့်ငါးနှစ် ရှိပြီဟု ကျွန်တော် တို့ သိထားသည်။ သူ အရင်က အိမ်ထောင်ကျဖူးတယ်ဆိုတာ ကျွန်တော် တို့ သိထားသည်။ တစ်ချိန်က ဖခင် တစ်ယောက် ဖြစ်ခဲ့ဖူးပြီး မိန်းမနှင့် သားနှစ် ယောက် လုံး သေဆုံးသွားခဲ့တယ်ဆိုတာလည်း ကျွန်တော် တို့ သိသည်။ သူ စာအုပ်တွေ ရေး တယ်ဆိုတာလည်းပဲ ကျွန်တော် တို့ သိသည်။ အတိအကျဆိုရလျှင် သူ လျှို့ဝှက်သည်းဖိုဝတ္ထုတွေ ရေး သည်။ ဒီစာတွေ ကို ဝီလီယံ ဝီလဆင် ဆိုတဲ့နာမည် နဲ့ ရေး သည်။ ဒီစာတွေ ကို တစ်နှစ် တစ်အုပ် နှုန်း ရေး သည်။ ဤဝင်ငွေနှင့် ပဲ နယူးယောက် တိုက်ခန်းတွဲ လေးတစ်ခုမှာ သူ ခြိုး ခြိုး ခြံခြံ နေနိုင်ခဲ့သည်။ ဘာကြောင့် ဆို သူ့မှာ ဝတ္ထုတစ်အုပ်ကို ငါးလ ခြောက်လလောက်ပဲ အချိန်ယူပြီး ကျန်တဲ့အချိန်မှာ ကြိုက်သလို နေနိုင်သည်မဟုတ်လား။ သူ စာတွေ ဖတ်သည်။ ပန်းချီကားတွေ ကြည့်သည်။ ရုပ်ရှင်ရုံတွေ သွားသည်။ နွေရာသီမှာ ရုပ်မြင်သံကြားကနေ ဘေ့စ်ဘော ကြည့်သည်။ ဆောင်းတွင်း ဆို အော်ပရာ သွားကြည့်သည်။

သို့သော် ထိုအရာများ ထက် သူ ပိုပြီး စိတ်ထက်သန်သည်က လမ်းလျှောက်ခြင်းပင်။ နေပူပူ၊ မိုးရွာရွာ၊ ပူချင်ပူ၊ အေးချင်အေး၊ နေ့တိုင်း နီးပါး မြို့ထဲ လမ်းထွက် လျှောက်တတ်သည်။ ဘယ်ကိုရယ်လို့ မဟုတ်၊ ခြေဦးတည့်ရာ။

နယူးယော့ခ် ကတော့ ဘယ်တော့မှ မကုန်ခန်းနိုင်သည့် နေရာပင်၊ မဆုံးတမ်း လျှောက်လှမ်းမည့် ခြေလှမ်းတွေ အတွက် ဝင်္ကပါတစ်ခုလိုပင်၊ သူ့မှာ ဘယ်လောက်ပဲ ဝေးဝေးလျှောက်လျှောက်၊ ဘယ်လောက်ပဲ လမ်းတွေ ၊ အိမ်တွေ ကို သိလာ သိလာ၊ သူ့မှာ ပျောက်ဆုံးနေသလို အမြဲခံစားရသည်။

ပျောက်ဆုံးမှု က မြို့ထဲမှာ တင် မဟုတ်၊ သူ့အထဲမှာ လည်း ပျောက် ဆုံးနေခဲ့သည်။ သူ လမ်းလျှောက်သည့်အခါတိုင်း သူ့မှာ သူကိုယ်တိုင်၏ အနောက်တွင် ကျန်နေရစ်သလို ခံစားရတတ်သည်။ သူ့ကိုယ်သူ လမ်းတွေ ထဲ ဒီလိုပဲ မျောရွေ့နေစေခဲ့သည်။ သူ့ကိုယ်သူ ဟိုဒီ လျှောက်ကြည့်နေသော မျက်လုံးသက်သက်အ ဖြစ်ပဲ လျှော့ချထားခဲ့သည်။ သို့မှသာ တွေးရသည့် အလုပ် သက်သာမည် မဟုတ်လား။ ဒီလိုလုပ်ခြင်းဖြင့် သူ့စိတ်ထဲတွင် ရှင်းလင်းပြီး အေးချမ်းငြိမ်သက်သွားတတ်သည်။

ကမ္ဘာကြီးက သူ့ရဲ့ အပြင်မှာ ၊ သူ့နံဘေးမှာ ၊ သူ့အရှေ့မှာ ရှိနေခဲ့ သည်။ သူ သွားနေသည့် အရှိန်က ဘယ်အရာကိုမှ စိတ်ထဲ ကြာကြာ ထား၍ မရ။ ခြေတစ်ဖက် ရှေ့နောက်တစ်ဖက်ချ၊ ခန္ဓာကိုယ်၏ ရွေ့မျောမှု အတိုင်း သူ့ကိုယ်သူ လိုက်ပါစေခဲ့သည်။ ဤတွင် ရွေ့လျားမှု က အနှစ် သာရ ပင်၊ ရည်ရွယ်ချက်မရှိ လျှောက်သွားနေသည့်အတွက် နေရာအားလုံးက အတူတူလိုပင် ဖြစ်လာသည်။ သူ ဘယ်နေရာ ရောက်နေလဲဆိုတာ ဘာမှ အရေး မပါတော့။

လမ်းလျှောက်လို့ သိပ်ကောင်းသည့်အခါများ တွင် သူ့မှာ ဘယ်မှာ မှ မရှိသလို ခံစားရတတ်သည်။ သူ အမြဲတောင့်တနေမိသည်ကလည်း ဘယ်မှာ မှ မရှိဖို့ပင်။

တကယ်တော့ နယူးယောက် သည် သူ့ဝန်းကျင်မှာ သူ့ဘာသာ ဖန်တီးထားသည့် မရှိသည့် အရပ်ပင်။ ထို့ကြောင့် ဒီကနေ ပြန်ထွက်ခွာဖို့ သူဘယ်တော့မှ စိတ်မကူးဘူးဆိုတာ

သူ့ကိုယ်သူလည်း သိနေခဲ့သည်။

အရင် ကတော့ ကွင်း တစ်ယောက် ဒီ့ထက် ရည်မှန်းချက် ကြီးခဲ့ သည်။ လူငယ်ဘဝမှာ သူ ကဗျာစာအုပ် အတော် များများ ထုတ်ခဲ့သည်။ ပြဇာတ်တွေ ရေး သည်။ ဝေဖန်ရေး အက်ဆေးတွေ ရေး သည်။ ဘာသာပြန် လက်ရာရှည်ကြီးတွေ အတော် များများ ရေး ခဲ့သည်။ သို့ သော် လည်း ရုတ်တရက် သူ အဲဒါတွေ အားလုံးကို စွန့်လွှတ်ခဲ့သည်။ တကယ်တော့ သူ၏ တစ်စိတ်တစ်ပိုင်းက သေဆုံးသွားခဲ့ပေပြီ။ ထိုအရာ၏ ပြန်လည် ခြောက်လှန့်မှု ကို သူ မလိုလားဟု သူငယ်ချင်းတွေ ကို ပြောခဲ့သည်။

ထိုအချိန်တွင် သူ ဝီလီယံ ဝီလဆင် ဆိုသည့် နာမည် ကို ယူခဲ့သည်။ ကွင်းတွင် စာရေး နိုင်သည့် အစိတ်အပိုင်း မရှိတော့။ ကွင်း တစ်ယောက် ဘယ်လိုပဲ ဆက်ပြီး ရှိနေသည်ဆိုသော် လည်း သူ့မှာ သူကိုယ်တိုင်အတွက် ကလွဲလို့ ဘယ်သူ့အတွက်မှ မတည်ရှိတော့။

သူ စာတွေ ဆက်ပြီး ရေး နေခဲ့သည်။

သူ လုပ်နိုင်တာလည်း ဒါပဲ ရှိသည် မဟုတ်လား။ လျှို့ဝှက်သည်းဖို ဝတ္ထုတွေ က သူ့အတွက် သင့်တော် သည့် ထွက်ပေါက်တစ်ခု ဖြစ်ပုံရသည်။

သူ့အတွက် ဇာတ်လမ်းခွဲလေးတွေ အများ ကြီး ပြည့်နှက်နေသည့် ဇာတ်အိမ်တွေ ဖန်တီးရတာ အခက်အခဲ သိပ်မရှိလှ။ သူ့မှာ ဒီ့အတွက် သိပ်အားထုတ်စရာ မလို၊ အကြောင်းရင်းက ဒီစာတွေ ကို သူရေး နေတာလို့ မယူဆ၊ ဒီ့အတွက် သူ့မှာ တာဝန်ရှိတယ်လို့ကို မခံစားရ၊ အထိမခံနိုင် ဖြစ်တာမျိုးလည်း မရှိ။

တကယ်တော့ ဝီလီယံ ဝီလဆင် ဆိုတာ ဖန်တီးထားတဲ့အရာ မဟုတ်လား။ သူဟာ ကွင်းဆီကနေ မွေးဖွားလာတယ်ဆိုပေမယ့် အခု သူ့ဘဝသူ လွတ်လွတ်လပ်လပ် ဖန်တီးနေခဲ့ပြီလေ။

ဘယ်လိုပဲ ဖြစ်စေ ကွင်း ကတော့ သူ့ကို ယဉ်ယဉ်ကျေးကျေး လေးလေးစားစား ဆက်ဆံသည်။ တစ်ခါတစ်ရံများ အားကျအထင်ကြီးမိ တတ်ပါသေးသည်။ သို့ ပေမဲ့ သူနဲ့

ဝီလီယံ ဝီလဆင်ကို တစ်ယောက် တည်းဟု ဘယ်တုန်းကမှ မထင်ခဲ့။ ဒီ့အတွက်ကြောင့် သူ့ကလောင်နာမည် အနောက် ကနေ ဘယ်တော့မှ လူလုံးထွက်မပြ။ သူ့မှာ ကိုယ်စားလှယ် တစ်ယောက် ရှိသည်။ သို့ သော် ထိုသူနှင့် လည်း ဘယ်တုန်းကမှ သူ လူချင်းမဆုံဖူး။ စာနဲ့သာ အချင်းချင်း ဆက်သွယ်ကြသည်။ ဤရည်ရွယ်ချက်ဖြင့် ကွင်းက စာတိုက်မှာ စာတိုက်သေတ္တာတစ်လုံးကို ငှားထားသည်။ ထုတ်ဝေသူနှင့် လည်း ဤအတိုင်းပင်။ စာမူခ ပိုက်ဆံတွေ ၊ မူပိုင်ကြေးတွေ အကုန်လုံးကို ကိုယ်စားလှယ်ကတစ်ဆင့်ပဲ ပေးသည်။ ဝီလီယံ ဝီလဆင်၏ စာအုပ်များ တွင် စာရေး သူဓာတ်ပုံတို့၊ ကိုယ်ရေး အကျဉ်းတို့ ထည့်လေ့မရှိ။ ဘယ် စာရေး ဆရာ လမ်းညွှန်စာအုပ်များ မှာ မှ သူ့ကို စာရင်းမသွင်းထား။ သူက တွေ့ဆုံခန်းတွေ လည်း မလုပ်။ သူ့ဆီလာသည့် ပေးစာတွေ ကိုလည်း သူ့ ကိုယ်စားလှယ်၏ အတွင်းရေး မှူး ကပင် ဖြေကြားပေးသည်။ ဤအတွက် သူ့လျှို့ဝှက်ချက်ကို ဘယ်သူမှ မသိကြသေးဆိုတာတော့ ကွင်း ပြောနိုင် သည်။

သူ စာမရေး တော့တာကို သိထားသည့် သူငယ်ချင်းတွေ က အစ မှာ တော့ သူ့ကို နေရေး ထိုင်ရေး အတွက် ဘယ်လို စီစဉ်ထားသလဲဟုမေးကြသည်။ အားလုံးကို သူက သူ့မိန်းမအတွက် ထိန်းသိမ်းထားသော ငွေများ ရလိုက်သည်ဟုပဲ ပြောထားသည်။ တကယ်တော့ သူ့မိန်းမမှာ ပိုက်ဆံတစ်ပြားမှ စုဆောင်းထားတာ မရှိ။ ဒီ့နောက်တော့ သူ့မှာ လည်း သူငယ်ချင်းအပေါင်းအသင်းဆိုတာ မရှိတော့။

အခုဆို ငါးနှစ် ကျော်ရှိခဲ့ပြီ။ သူ့မှာ သူ့သားအကြောင်းလည်း သိပ်ပြီး မတွေး ဖြစ်တော့။ တစ်လောကပဲ နံရံက သူ့မိန်းမဓာတ်ပုံကို ဖြုတ်လိုက် သည်။ တစ်ခါတစ်ရံတော့ စိတ်ထဲမှာ သုံးနှစ် သား ချာတိတ်လေးကို ပွေ့ထားရသလို ခံစားမိတတ်သည်။ သို့ပေမဲ့ ဒါဟာလည်း တွေးနေမိတာ မဟုတ်။ ပြန်သတိရနေတာမျိုးလည်း မဟုတ်။ သူ့ခန္ဓာကိုယ်တွင် စွဲထင် နေသည့် ရုပ်အာရုံခံစားမှု သက်သက်သာ။ ဒါက သူ ထိန်းချုပ်နိုင်သည့် အရာ မဟုတ်။ အခုဆို ဒီလို ဖြစ်တာတောင် နည်းလာခဲ့ပေပြီ။ သူ့အတွက် အရာရာ ပြောင်းလဲစပြုလာပြီလို့ ထင်လာမိသည်။

သူ့မှာ သေဆုံးချင်စိတ်တွေ မရှိတော့။ တစ်ချိန်တည်းမှာ အသက်ရှင် နေရတာ

ကို ဝမ်းသာလှတယ်လို့လည်း မဆိုနိုင်ပြန်။ သို့ ပေမဲ့ အနည်းဆုံး တော့ အသက်ရှင်နေရတာ ကို မကျေမနပ် မ ဖြစ်တော့။ သူ့မှာ ရှင်သန်လို့နေ သေးသည်။

ဤသို့ မသေနိုင်သေးသည့် အ ဖြစ်က တမျိုးစိတ်ဝင်စားစရာ။ သူ့မှာ တမလွန် ဘဝမှာ ပဲ နေနေသလိုလို။ အခုလို တစ်ယောက် တည်း ကျန်ရစ်တဲ့ဘဝကို နေတတ်လာသလိုလို၊ သူ မီးလုံးနဲ့ မအိပ်တော့။ အိပ်မက် တွေ ကို မမှတ်မိတော့တာဆို လပေါင်းများ စွာ ရှိခဲ့ပြီ။

×××××××××

ညအချိန် ကွင်း တစ်ယောက် အိပ်ရာပေါ်မှာ စီးကရက်သောက်ရင်း ပြတင်းပေါက်က မိုးသံတွေ ကို နားထောင်နေခဲ့သည်။ မိုးက ဘယ်အချိန် တိတ်မည် မသိ။ သူ့မှာ မနက်ဘက်ကို နီးနီးနားနားပဲ လျှောက်ရင် ကောင်း မလား၊ ခပ်ဝေးဝေး လျှောက်ရင် ကောင်းမလား ဇဝေဇဝါ။ သူ့ခေါင်းအုံးပေါ်တွင် မှော က်ထားသည်က မာကိုပိုလို၏ ခရီးသွားမှတ်တမ်း စာအုပ်။ ပြီးခဲ့သည့်နှစ် ပတ် ဝီလီယံဝီလဆင်ရဲ့ နောက်ဆုံးဝတ္ထုပြီးသွား ကတည်းက သူ့မှာ နှံးချည့်ချည့် ဖြစ်နေခဲ့သည်။ သူ့ဇာတ်လိုက်ကျော် အလွတ်စုံထောက် မာ့စ်ဝေ့ခမျာ အမှု တွဲ တွေ တသီကြီးကို ဖော်ထုတ်ခဲ့ ရသည်။ အကြိမ်ပေါင်းများ စွာ အန္တရာယ်ပြုခံရပြီး ကပ်ကပ်ပြီး လွတ်လွတ် သွားခဲ့သည်။ သူ့ဇာတ်ကောင်ရဲ့ အားထုတ်မှု တွေ အတွက် ကွင်းမှာ လည်း ခြေကုန်လက်ပန်းကျသလို ခံစားနေရသည်။ နှစ် ကြာလာသည့်အခါ ဝေ့မှာ ကွင်းနဲ့ အတော် ရင်းနှီးလာခဲ့သည်။ ဝီလီယံ ဝီလဆင်က သူ့အတွက် ဒြပ်မဲ့အရာတစ်ခု ဖြစ်နေပေမယ့် ဝေ့ ကတော့ ပိုပိုပြီး အသက်ဝင်လာခဲ့ သည်။ ကွင်းမှာ သုံးကိုယ်ခွဲလို ဖြစ်လာခဲ့ပြီး ထိုသုံးကိုယ်ခွဲကို ပြန်ပြီး ခွဲခြမ်းစိတ်ဖြာကြည့်လျှင် ဝီလဆင်က အသံနဲ့ ဖျော်ဖြေတင်ဆက်သူ၊ ကွင်း ကိုယ်တိုင်က သူ့ရဲ့ ဒမ်မီအရုပ်၊ ဝေ့ ကတော့ ဒီလုပ်ဆောင်မှု တစ်ခုလုံးရဲ့ ရည်ရွယ်ချက်ကို ဖော်ဆောင်ပေးနေသည့် အသံ။ တဖြည်းဖြည်း အထီးကျန် နေသည့် ကွင်း၏ စိတ်အတွေ းထဲတွင် ဝေ့မှာ ညီအစ်ကိုလို၊ ရဲဘော်ရဲဘက် လို ပိုမို ပါဝင်လာခဲ့သည်။ ဝီလဆင် ကတော့ ထင်ယောင်မှာ းမှု သက်သက် လိုပင်။ သို့ ပေမဲ့လည်း

တခြားနှစ် ယောက် ရဲ့ ဘ၀ကို ရှင်းပြနိုင်သေးသည်။ တစ်နည်းအားဖြင့် ဝိလဆင်ဆိုတာ အမှန်တကယ် မရှိခဲ့သည့်တိုင် ကွင်းကို ဝေါ့ဆီရောက်ဖို့ တံတားထိုးပေးနိုင်ပါသေးသည်။

ကွင်း တစ်ယောက် မာကိုပိုလိုကို ကောက်ကိုင်ပြီး ပထမစာမျက်နှာ ကို ပြန်လှန်ဖတ်လိုက်သည်။

ငါတို့တွေ အရာရာကို မြင်ရင် မြင်တဲ့အတိုင်း၊ ကြားရင် ကြားတဲ့ အတိုင်း မှတ်သားမယ်။ ဒီ့အတွက် ငါတို့စာအုပ်က ဖန်တီးလုပ်ကြံထား တာမျိုးကင်းတဲ့၊ တိကျတဲ့ မှတ်တမ်းတစ်ခု ဖြစ်စေရမယ်။ အမှန်တွေ ပဲ ရေး ထားတဲ့အတွက် ဖတ်တဲ့သူတိုင်း၊ ကြားတဲ့သူတိုင်းက အပြည့်အ၀ယုံကြ လိမ့်မယ်။

ကွင်းမှာ ထိုစာကြောင်းများ ၏ အဓိပ္ပာယ်ကို စိတ်ထဲ ရှင်းရှင်းလင်းလင်း လက်ခံလာအောင် အလေးအနက် စဉ်းစားနေတုန်းမှာ ပင် ဖုန်း မြည် လာခဲ့သည်။ နောက်ပိုင်းတွင် ထိုညက အ ဖြစ်အပျက်ကို ပြန်လည် ဆက်စပ်စဉ်းစားကြည့်သည့်အခါ သူ နာရီကို လှမ်းကြည့်လိုက်ချိန်မှာ ၁၂ နာရီကျော်ရှိနေခဲ့ပြီး ဒီအချိန်ကြီး ဘယ်သူများ ဆက်သလဲလို့ အံ့သြ လိုက်မိတာကို သတိရလာမိသည်။ သတင်းဆိုးပဲ ဖြစ်ဖို့များ တယ်လို့ သူ တွေးလိုက်မိသည်။ သူလည်း ခုတင်ပေါ်ကနေ တယ်လီဖုန်းရှိရာ အ၀တ် အစား မပါဘဲ ထသွားပြီး ဒုတိယအကြိမ် ဖုန်းမြည် တုန်း ကိုင်လိုက်မိသည်။

'ဟုတ်ကဲ့ ပြောပါ'

တစ်ဖက်က အကြာကြီး ရပ်နေခဲ့သည်။ တဒင်္ဂတော့ ကွင်းစိတ်ထဲမှာ တစ်ဖက်က ဖုန်းများ ချသွားပြီလား ထင်လိုက်မိသည်။ ထို့နောက် သူ တစ်ခါမှ မကြားဖူးသည့် အသံတစ်ခုကို ဟိုးအဝေးကြီးကလိုမျိုး ကြားလိုက် ရသည်။ အသံက စက်သံပေါက်နေသော လည်း ခံစားမှု စွက်နေခဲ့သည်။ လေချွန်သံလောက်သာ ကျယ်သော် လည်း ကောင်းကောင်းတော့ ကြားနိုင် ပါသည်။ အသံက ယောကျ်ား၊ မိန်းမ မကွဲ။

'ဟယ်လို'

အသံရှင်က ထပ်ပြောသည်။

'ဘယ်သူပါလဲ'

ကွင်းက မေးလိုက်သည်။

'ဟယ်လို'

အသံရှင်က ထပ်ပြောသည်။

'ကျွန်တော် နားထောင်နေပါတယ်၊ ဘယ်သူများ ပါလဲ'

ကွင်းက ပြောလိုက်သည်။

'ပေါလ်အော်စတာပါလား၊ ကျွန်တော် ပေါလ်အော်စတာနဲ့ ပြောချင် လို့ပါ'

အသံရှင်က ပြောသည်။

'ဒီမှာ အဲဒီ နာမည် မျိုး မရှိပါဘူး'

'အော်စတာ... စုံထောက်အေဂျင်စီက ပေါလ်အော်စတာပါ'

'ဝမ်းနည်းပါတယ်၊ ခင်ဗျား နံပါတ်မှား နေတာ ဖြစ်မယ်'

ကွင်းက ပြောလိုက်သည်။

'ကိစ္စက အရမ်းအရေး ကြီးနေလို့ပါ'

အသံရှင်က ပြောသည်။

'ကျွန်တော် လည်း မတတ်နိုင်ပါဘူးခင်ဗျာ၊ ဒီမှာ ပေါလ်အော်စတာ မရှိပါဘူး'

'ခင်ဗျား နားမလည်သေးပါလား၊ အချိန် သိပ်မရှိတော့ဘူး'

အသံရှင်က ပြောသည်။

'ဒါဖြင့် လည်း ခင်ဗျား ပြန်ဆက်ကြည့်ပါလား၊ ဒီနေရာ ကတော့ စုံထောက်အေဂျင်စီ မဟုတ်ပါဘူး'

ကွင်းလည်း ဖုန်းကို ပြန်ချလိုက်သည်။ အေးစက်စက် ကြမ်းပြင်ပေါ် မှာ

မတ်တတ်ရပ်ပြီး သူ့ခြေဖဝါးတွေ ၊ သူ့ဒူးတွေ ၊ သူ့ငယ်ပါတွေ ကို ငုံ့ကြည့်နေခဲ့သည်။

တစ်ခဏချင်းပင် သူ့မှာ ချက်ချင်း ဖုန်းချလိုက်မိသည့်အတွက် စိတ်မကောင်း ဖြစ်သွားခဲ့သည်။ သူ့ကိစ္စကို နည်းနည်း တီးခေါက်မိရင် တစ်နည်းနည်း ကူညီနိုင်တာပေါ့။

'ငါ ဆုံးဖြတ်ချက် မြန်မြန်ချတတ်အောင်လုပ်ရဦးမယ်'

ဟု သူ့ကိုယ်သူ ပြောမိသည်။

လူအများ စုလိုပါပဲ၊ ကွင်း တစ်ယောက် လည်း မှူခင်း ကိစ္စအကြောင်း နကန်းတစ်လုံးမှကို မသိ။ သူ့မှာ တစ်သက်နဲ့တစ်ကိုယ် ဘယ်သူ့ကိုမှလည်း မသတ်ဖူး၊ ဘာပစ္စည်းမှလည်း မခိုးဖူး။ ပြီးတော့ အဲဒီ လို လူတွေ နဲ့လည်း အသိအကျွမ်း မ ဖြစ်ခဲ့ဖူးပါ။ ရဲစခန်းကို တစ်ခါဆို တစ်ခါမှ မရောက်ဖူး သလို အလွတ်စုံထောက် တစ်ယောက် နဲ့လည်း ဘယ်တုန်းကမှ မဆုံခဲ့ဖူး။ ပြောရလျှင် ရာဇဝတ်သား တစ်ယောက် နဲ့လည်း စကားတွေ ဘာတွေ မပြောဖူး ပါဘူး။ ဒီမှုခင်း ကိစ္စနဲ့ပတ်သက်ပြီး သူသိထားသမျှမှာ စာအုပ်တွေ ၊ ရုပ်ရှင်တွေ

နဲ့ သတင်းစာတွေ မှာ ပါသလောက်ပဲ ဖြစ်သည်။ သို့ပေမဲ့လည်း ဒီအတွက် တော့ သူ့ကိုယ်သူ သိမ်ငယ်မိတာမျိုးမရှိ၊ သူရေး သည့် မှုခင်း ဇာတ်လမ်းတွေ မှာ သူစိတ်ဝင်စားတာက တကယ့်အပြင်လောကနဲ့ ဘယ်လောက်နီးစပ်သလဲ ဆိုတာထက် တခြားဇာတ်လမ်းတွေ နဲ့ ယှဉ်လိုက်လျှင် ဘယ်လိုနေသလဲ ဆိုတာပဲ ဖြစ်သည်။ သူ ဝီလီယံ ဝီလဆင် မ ဖြစ်ခင်ကတည်းက ကွင်းအနေနဲ့ လျှို့ဝှက်သည်းဖို ဝတ္ထုတွေ ကို စွဲစွဲလမ်းလမ်း ဖတ်ခဲ့သည်။ အများ စုက ဖြစ်သလို ရေး ထားမှန်း၊ နည်းနည်း လေးမှ အစမ်းသပ် မခံနိုင်မှန်း သူ သိပါသည်။ သို့ပေမဲ့ ဒီစုံထောက်ဇာတ်လမ်းတွေ ရဲ့ ပုံစံက သူ့ကို ဆွဲဆောင် နေခဲ့သည်။ သူ ဖတ်မရလောက်အောင် ညံ့ဖျင်းဆိုးရွားလှသည့် ဝတ္ထုမျိုးက အတော် ရှားပါသည်။ သူက တခြား စာအုပ်တွေ ကိုသာ အမြင်ကျဉ်းကျဉ်း လေးနဲ့ ကြည့်ပြီး ချေးထူတတ်ပေမယ့် ဒီလို စုံထောက်ဝတ္ထုဆိုရင် ဘာပဲ ဖြစ် ဖြစ် သိပ်မရွေး။ သူ စိတ်ပါသည့် အချိန်ဆို ဆယ်အုပ်၊ ဆယ့်နှစ် အုပ် ဆက်တိုက် အသာလေး ဖတ်နိုင်သည်။ သူ့အတွက် ဒါက ဆာလောင်မှု တစ်မျ

းပင်။ သူ မွတ်သိပ်နေတတ်သည့် အထူးအာဟာရမျိုးပင်၊ သူ့မှာ အာသာမပြေမချင်း ရပ်တယ်လို့ မရှိ။

သူ ဒီ ဝတ္ထုတွေ ကို ကြိုက်ရခြင်းက ပြည့်စုံကြွယ်ဝပြီး အပိုစာသား တွေ မပါသည့်အတွက်ပင်။ စုံထောက်ဝတ္ထုကောင်းတစ်အုပ်တွင် ပစ်လိုက် ရတာ ဘာမှ မရှိ။ ဝါကျတိုင်း၊ စကားလုံးတိုင်းက အရေး မပါတာ မရှိ၊ လတ်တလော အရေး မပါသေးရင်တောင် တစ်ချိန်မှာ အရေး ပါလာနိုင်သေး သည် မဟုတ်လား။

စာအုပ်ထဲက လောက,က ဖြစ်နိုင်ခြေတွေ ၊ လျှို့ဝှက်ချက်တွေ ၊ ဆန့်ကျင်ဘက်တွေ နဲ့ ပြည့်နှက်ပြီး အသက်ဝင်လို့နေသည်။ မြင်သမျှ ကြားသမျှ အကုန်လုံးက ဘယ်လောက် အသေးအဖွဲလေးပဲ ဖြစ်ပါစေ ပေ့ါပေ့ါတန်တန် လျစ်လျူရှုလို့မရ၊ အရာရာတိုင်းက အနှစ် သာရ ဖြစ် နေသည်။ စာအုပ်၏ ဗဟိုချက်မှာ အ ဖြစ်အပျက်တွေ အပေါ် လိုက်ပြီး ရွေ့နေခဲ့သည်။ ဒီအတွက် ဗဟိုချက်က နေရာတိုင်းမှာ လို ဖြစ်နေသည်။

စာအုပ်မပြီးမချင်း ဘယ်အရာက အဖျားအနားလဲ ဆိုတာ ကောက်ချက်ဆွဲ လို့ မရ။

စုံထောက်ရဲ့ သဘောက ရှုပ်ရှုပ်ထွေးထွေး အရာဝတ္ထုတွေ ၊ အ ဖြစ် အပျက်တွေ ကြားမှာ သွားလာနေတတ်သူ၊ ကြည့်ရှုနေတတ်သူ၊ နားထောင် နေတတ်သူမျိုး၊ အဲဒီ အရာတွေ ကို ဆက်စပ်ပြီး အတွေးတွေ ၊ အကြံတွေ ထုတ်ကာ အဓိပ္ပာယ်ရှာနေတတ်သူမျိုး မဟုတ်လား။ ဒီလို တွေးကြည့်တော့ စာရေး ဆရာနဲ့ စုံထောက်မှာ သဘောချင်းတူနေခဲ့သည်။ စာဖတ်သူသည် စုံထောက်၏ မျက်လုံးနှစ် လုံးမှတစ်ဆင့် လောကကြီးကို မြင်ရသည်။ အသေးစိတ်ခြယ်မှု န်းထားသည့် လောကကြီးကို တစ်ခါမှ မမြင်ဖူးသလို တွေ့ကြုံရသည်။ ထူးထူးခြားခြား အာရုံစိုက်မိလာသည့်အခါ သူ့ပတ်ဝန်းကျင် က အရာတွေ မှာ တည်ရှိရုံသက်သက် မဟုတ်တော့ဘဲ နိုးထလာကြသည်။ သူ့ကို စကားပြောလာကြသည်။ အဓိပ္ပာယ်တစ်စုံတစ်ရာကို သယ်ဆောင် လာကြသည်။

စုံထောက်မျက်လုံးတဲ့၊ ဒီဝေါဟာရက ကွင်းအတွက် အဓိပ္ပာယ်သုံးမျိုး

ဆောင်နေခဲ့သည်။ စုံထောက်ကိုကိုယ်စားပြုသည့် ငါ(င)တင်မက၊ အသက် ရှူနေသော ရုပ်ခန္ဓာကြီးထဲတွင် ရှိသည့် အတ္တ()ကိုလည်း ကိုယ်စားပြုသည်။ တစ်ချိန်တည်းတွင် စာရေးဆရာ၏ တကယ့်မျက်စိကိုလည်း ကိုယ်စား ပြုနေခဲ့သည်။ ဤမျက်စိနဲ့ သူ့မှာ လောကကြီးကို ကြည့်မြင်ပြီး သိနေရတာ မဟုတ်လား။ သူ့မှာ ဒီလို ရယ်စရာ သံတူကြောင်းကွဲ စကားလုံးတွေနဲ့ နေထိုင်နေရတာ အခုဆို ငါးနှစ် ပင် ရှိခဲ့ပြီ။

ဟုတ်ပါသည်။ ကွင်း တစ်ယောက် သူ့ကိုယ်သူ အစစ်အမှန်အ ဖြစ် မမြင်တော့တာ ကြာလှပါပြီ။ သူ အခု လောကထဲမှာ နေထိုင်ရမည် ဆိုရင် လည်း စိတ်ကူးယဉ်ဇာတ်ကောင် မာက်စ်ဝေ့ါအနေနဲ့ပဲ ဖြစ်ပေလိမ့်မည် ။ သူ့စုံထောက် ကတော့ အစစ်အမှန် ဖြစ်ဖို့လိုသည် မဟုတ်လား။ စာအုပ်ထဲ မှာ အဲဒီ လိုမျိုး တောင်းဆိုနေသည် မဟုတ်လား။ အကယ်၍ များ ကွင်း တစ်ယောက် ထူးထူးဆန်းဆန်း ပတ်ဝန်းကျင်နဲ့ အဆက်ဖြတ်ပြီး သူ့ကိုယ်သူပျောက်ဆုံးသွားစေခဲ့မည် ဆိုရင်တောင် ဝေ့ါ ကတော့ တခြားလူတွေ နဲ့ ဆက်ပြီး ရှင်သန်နေပေဦးမည် ။ ကွင်းက ပိုပြီး ဖျော့မှိန်လာလေ ဝေ့ါရဲ့ တည်ရှိမှု က ပိုပြီး ခိုင်မာလာလေလေပင်။

ကွင်းက သူ့အရေပြားအောက်က ပျောက်ကွယ်သွားချင်နေသည့် အချိန် ဝေ့ါ ကတော့ နှုတ်သွက်လျှာသွက်နဲ့ တက်ကြွထက်သန်ပြီး ရောက်တဲ့ အရပ်မှာ နေနိုင်ခဲ့သည်။ ကွင်းအတွက် ခက်ခဲလှသည့် ကိစ္စတွေ ပေမယ့် ဝေ့ါက မထူးခြားသလို အလွယ်လေးပဲ ဝုန်းဒိုင်းဆို စွန့်စားပြသွားတာမျိုး တွေ က သူ့ရဲ့ ဖန်တီးရှင်ကို အထင်ကြီးမိစေတာ အမှန်ပင်။ သို့ ပေမဲ့ ဒီ အတွက်ကြောင့် သူဟာ ဝေ့ါ ဖြစ်ချင်တာ၊ ဝေ့ါနဲ့ တူချင်တာမျိုး မဟုတ်။ သို့ သော် သူ့မှာ စာအုပ်တွေ ရေး နေရင်း ဝေ့ါအ ဖြစ် ဟန်ဆောင်နေရတာ စိတ်သက်သာရာရစေခဲ့သည်။ အကြောင်းက သူ့မှာ ဆန္ဒသာရှိလျှင် (စိတ်ထဲမှာ ပဲ ဖြစ် ဖြစ်) ဝေ့ါလို ဖြစ်နိုင်တဲ့ အရည်အချင်းတွေ ရှိနေတယ် ဆိုတာကို သိလိုက်ရခြင်းကြောင့် ပင်။

ထိုညက အိပ်မပျော်ခင် သူ့နေရာမှာ သာ ဝေ့ါဆိုရင် ဖုန်းထဲကလူစိမ်း ကို ဘာများ ပြောလိမ့်မလဲ သူ စိတ်ကူးကြည့်နေမိသည်။

နောင် သူ မေ့သွားမည့် အိပ်မက်ထဲမှာ သူ တစ်ယောက် တည်း ပစ္စတို

သေနတ်နဲ့ ဘာမှမရှိတဲ့ အခန်းရဲ့ အဖြူရောင် နံရံကြီးသက်သက်ကို ပစ်နေခဲ့သည်။

နောက်နေ့ညမှာ တော့ ကွင်းလည်း အံ့အားသင့်သွားမိသည်။ သူ့ စိတ်ထဲမှာ ဒီကိစ္စ ပြီးသွားပြီ၊ လူစိမ်းက ထပ်ခေါ်မှာ မဟုတ်တော့ဟု ထင်ထားခဲ့သည်။

တယ်လီဖုန်း မြည် လာသည့် အချိန်မှာ သူက အိမ်သာထဲမှာ အလေး စွန့်နေတုန်း ယမန်နေ့ညကထက် နည်းနည်း နောက်ကျသည်။ တစ်နာရီ ထိုးဖို့ ဆယ်မိနစ် ဆယ့်နှစ် မိနစ် အလိုလောက်မှာ ဖြစ်သည်။

ကွင်း တစ်ယောက် မာကိုပိုလို၏ ခရီးသွားမှတ်တမ်းကို ဖတ်နေခဲ့ သည်မှာ ပီကင်းမှ အမွိုင်သွားသည့် အခန်းထိ ရောက်နေခဲ့ပြီ။ စာအုပ်ကပေါင်ပေါ်တင်ဖတ်ပြီး ရေချိုးခန်းလေးထဲမှာ သူ့ကိစ္စ သူ ရှင်းနေသည့်အချိန် တယ်လီဖုန်း မြည် သံက စူးစူးဝါးဝါးနဲ့ ကသိကအောက် ဖြစ်စေခဲ့သည်။ ချက်ချင်း ထကိုင်ဖို့ဆိုလျှင် သူ မဆေးကြောဘဲ ထမှ ရမည် ။ သူ့မှာ ဒီပုံစံနဲ့ အခန်းထဲ ဖြတ်မလျှောက်ချင်။ တစ်ဖက်မှာ လည်း သူသာ ပုံမှန်နှုန်း နဲ့ အပြီးသတ်ဖို့ဆို ဖုန်းကို အချိန်မီ ကိုင်နိုင်မှာ မဟုတ်တော့။ ဒါတောင် ကွင်းမှာ စတင် လှုပ်ရှားဖို့ကို အိလေးဆွဲနေခဲ့သည်။

တကယ်တော့ တယ်လီဖုန်းကို သူ သိပ်သဘောကျလှသည် မဟုတ်။ ဖြုတ်ပစ်ဖို့ကို တစ်ကြိမ်မက စဉ်းစားခဲ့ဖူးသည်။ သူမကြိုက်ဆုံးက တယ်လီဖုန်းရဲ့ ဗိုလ်ကျမှု ပင်၊ စိတ်ပါပါ မပါပါ သူ့အလိုကို လိုက်ရသည် မဟုတ်လား။

ဒီတစ်ကြိမ်တော့ သူ တင်းခံဖို့ ဆုံးဖြတ်လိုက်သည်။ တတိယအကြိမ် မြည် တော့ သူ ဝမ်းသွားပြီးပြီ။ စတုတ္ထအကြိမ် မြည် တော့ သူ ဆေးကြော သုတ်သင်ပြီးပြီ။ ငါးကြိမ်မြောက်မြည် တော့ သူ့ဘောင်းဘီကို ဆွဲတင်လိုက် သည်။ ရေချိုးခန်းထဲက ထွက်၊ အခန်းကိုဖြတ်ပြီး အေးအေးဆေးဆေး လျှောက်သွားသည်။ ခြောက်ကြိမ်မြောက်မြည် တော့ သူ ဖုန်းခွက်ကို ကောက်ကိုင်ပြီး ဖြေလိုက်သည်။ သို့ ပေမဲ့ တစ်ဖက်က ဘာသံမှ မကြား တော့၊ ဖုန်းချသွားခဲ့ပြီ။

နောက်တစ်ညမှာ တော့ သူက အရန်သင့်၊ ခုတင်ပေါ်မှာ ခြေပစ်

လက်ပစ်ဆန့်ရင်း အားကစားသတင်းလွှာကို လှန်လှောဖတ်ရှုလို့။ လူစိမ်း၏ တတိယအကြိမ် ခေါ်ဆိုမှု ကို စောင့်စားနေခဲ့သည်။ တစ်ခါတစ်ခါ ဂနာမငြိမ် ဖြစ်လာခဲ့လျှင် သူထပြီး အခန်းထဲ ခေါက်တုံ့ခေါက်ပြန် လျှောက်သည်။ ပေါ်ည ရဲ့ အော်ပရာ့ ညြည်သံနူးနူးညံ့ညံ့ ဓာတ်ပြားကို ဖွင့်ပြီး အစအဆုံး နားထောင်နေမိသည်။ သူ စောင့်သည်၊ စောင့်သည်။ နှစ် နာရီခွဲ လောက်ရှိတော့မှ သူ လက်လျှော့ပြီး သွားအိပ်တော့သည်။

သူ နောက်တစ်ည ဆက်စောင့်သည်။ ပြီး နောက်တစ်ညလည်း စောင့်သေးသည်။ သူတော့ တွက်ကိန်းလွဲပြီဟု ယူဆပြီး သူ့အစီအစဉ်ကို စွန့်လွှတ်ဖို့ ကြံခါမှ တယ်လီဖုန်းက ပြန်မြည် လာခဲ့သည်။

အဲဒါ မေ ဆယ့်ကိုးရက်။

သူ ရက်စွဲအတိအကျ မှတ်မိနေသည်က သူ့မိဘတွေ ရဲ့ နှစ် ပတ်လည် နေ့နှင့် တိုက်ဆိုင်နေခြင်းကြောင့် ပင်။ အကယ်၍ များ သူ့မိဘတွေ သက်ရှိ ထင်ရှားရှိသေးခဲ့ရင်ပေါ့။

သူ့အမေက တစ်ခါတုန်းက သူ့ကို ပြောခဲ့ဖူးသည်။ သူ့ကို လက်ထပ် ပွဲညမှာ ပဲ သန္ဓေတည်ခဲ့သည်တဲ့။ ဒီအချက်က သူ့ရဲ့ ပထမဆုံး ဖြစ်တည်တဲ့ အခိုက်အတန့်ကို အတိအကျပြောနိုင်သည့်အတွက် သူ့စိတ်ထဲ အမြဲစွဲနေ ခဲ့သည်။ နှစ် စဉ်နှစ် တိုင်း အဲဒီ နေ့ရောက်တိုင်း မွေးနေ့ပွဲကို သူ့မှာ တစ်ကိုယ် တော် ဆင်နွှဲခဲ့ရသည်။ ဒီတစ်ကြိမ်တော့ ပထမ နှစ် ညထက် နည်းနည်း စောသည်။

ဆယ့်တစ်နာရီတောင် မထိုးသေး၊ သူ ဖုန်းဆီရောက်သွားချိန်မှာ တခြား တစ်ယောက် ယောက် ဟုပဲ ထင်ထားခဲ့သည်။

'ဟယ်လို' သူ ပြောလိုက်သည်။

အရင်လိုပဲ တစ်ဖက်က အသံတိတ်သွားပြန်သည်။ ကွင်းလည်း ချက်ချင်း ပဲ သိလိုက်သည်၊ ဒါ ဟိုလူပဲ။

'ဟယ်လို'

သူ အသံပေးလိုက် ပြန်သည်။

'ကျွန်တော် ဘာများ ကူညီရမလဲ'

'ဟုတ်ကဲ့ အခုကို လိုနေပြီ၊ နောက်ကျလို့ မရတော့ဘူး'

'ဘာလိုတာလဲ'

'စကားပြောဖို့၊ အခု ချက်ချင်း ၊ အခု ချက်ချင်း စကားပြောဖို့ ဟုတ်ကဲ့'

'ခင်ဗျား ဘယ်သူနဲ့ ပြောချင်တာလဲ'

'ဒီလူပဲလေ၊ အော်စတာပဲ၊ သူ့ကိုယ်သူ အော်စတာလို့ ခေါ်တဲ့သူပဲ'

ဒီတစ်ကြိမ်တော့ ကွင်းက ချည်တုံချတုံ ဖြစ်မနေတော့၊ သူ ဘာလုပ် ရမလဲ သိပြီ၊ အခု အချိန်လည်းကျပြီ၊ သူ ပြောလိုက်သည်။

'ပြောနေပါတယ်၊ အခု ပြောနေတာ အော်စတာပါ'

'နောက်ဆုံးတော့၊ နောက်ဆုံးတော့ ခင်ဗျားကို တွေ့ရပြီ'

သူ့အသံက စိတ်သက်သာရာရသွားသည့်အသံ၊ ရုတ်တရက် သိသိ သာသာ ငြိမ်သက်အေးဆေးသွားပုံရသည်။

'မှန်ပါတယ်၊ နောက်ဆုံးမတော့'

ကွင်းကပြောပြီး ခဏ ရပ်လိုက်သည်။ သူ့အတွက်ရော တစ်ဖက်လူ အတွက်ပါ စကားလုံးတွေ အနည်ကျသွားအောင် စောင့်နေခဲ့သည်။

'ကျွန်တော် ဘာများ ကူညီရမလဲ'

'ကျွန်တော့်မှာ အကူအညီလိုနေတယ်၊ တကယ့်အန္တရာယ်နဲ့ ကြုံနေရလို့ပါ။ သူတို့ကတော့ ခင်ဗျားဟာ အဲဒီ ဘက်မှာ အတော် ဆုံးလို့ ပြောကြတယ်'

'ဒါကတော့ ခင်ဗျား ဘယ်လိုကိစ္စမျိုးကို ရည်ညွှန်းသလဲဆိုတဲ့ အပေါ်

မှုတည်ပါတယ်'

'ကျွန်တော် ဆိုလိုတာ သေဆုံးမှု ပါ။ သေဆုံးခြင်းနဲ့ လူသတ်မှု '

'ဒါ ကျွန်တော့် လိုင်း မဟုတ်ပါဘူး၊ ကျွန်တော် လူသတ်လေ့ မရှိပါဘူး'

ကွင်းက ပြောလိုက်သည်။

'မဟုတ်ပါဘူး၊ ကျွန်တော် ဆိုလိုတာက အဲဒါရဲ့ ပြောင်းပြန်'

အသံရှင်က စိတ်ပေါက်ပေါက်နဲ့ ပြောလိုက်သည်။

' တစ်ယောက် ယောက် က ခင်ဗျားကို သတ်ဖို့ ရှိတာလား'

'ဟုတ်တယ်၊ ကျွန်တော့် ကို သတ်ဖို့၊ အဲဒါ အမှန်ပဲ၊ ကျွန်တော် အသတ်ခံရတော့မယ်'

'အဲဒီ တော့ ခင်ဗျားကို အကာအကွယ်ပေးဖို့၊ ကျွန်တော့် ကို အလိုရှိ တယ်ပေါ့'

'ကျွန်တော့် ကို အကာအကွယ်ပေးဖို့ ဟုတ်တယ်၊ ပြီးတော့ အဲဒီ လူကိုလည်း ရှာဖို့ပေါ့'

'ခင်ဗျား သူ ဘယ်သူလဲဆိုတာ မသိဘူးလား'

'ကျွန်တော် သိတာပေါ့၊ ရပ်စ်၊ ဟုတ်တယ် ကျွန်တော် သိတယ်၊ ဒါပေမဲ့ သူ ဘယ်မှာ လဲတော့ ကျွန်တော် မသိဘူး'

'အဲဒီ အကြောင်း ပြောပြပါလား'

'အခုတော့ ဖုန်းထဲမှာ ပြောလို့ မ ဖြစ်ဘူး၊ အန္တရာယ်ရှိတယ်၊ ခင်ဗျား ဒီကိုလာမှရမယ်'

'မနက်ဖြန်ဆိုရင်ရော'

'ကောင်းတယ်၊ မနက်ဖြန်၊ မနက်ဖြန် စောစော၊ မနက်ပိုင်း'

'ဆယ်နာရီလောက်ဆိုရင်ကော'

'ကောင်းတယ်၊ ဆယ်နာရီ'

အသံရှင်က ခြောက်ဆယ့်ကိုးလမ်းပေါ်က လိပ်စာ တစ်ခုပေးသည်။

'မမေ့ပါနဲ့ မစ္စတာ အော်စတာ၊ ခင်ဗျား ဆက်ဆက်လာရမယ်နော်'

'စိတ်မပူပါနဲ့၊ ကျွန်တော် အရောက်လာခဲ့ပါ့မယ်'

ကွင်းက ပြောလိုက်သည်။

# အခန်း (၂)

နောက်တစ်နေ့မနက်တွင် ကွင်း တစ်ယောက် အရင်အပတ်တွေ ထက် စောပြီး နိုးလာခဲ့သည်။ ကော်ဖီသောက်ရင်း ပေါင်မုန့်မီးကင်ကို ထောပတ် သုတ်သည်။ သတင်းစာထဲက ဘေ့စ်ဘောပွဲအဖြေတွေ ကို ရှာဖတ်သည်။

ဖြန်အချုံ အသင်း ကတော့ နှစ် ပွဲ တစ်ပွဲနဲ့ ရှုံးပြန်ပြီ။

သူ့မှာ ချိန်းထားတဲ့ဆီ သွားမယ့်ပုံ မပေါက်။ ဒါ သူနဲ့ချိန်းထားတာ မဟုတ်ဘူးလေ၊ ပေါလ်အော်စတာနဲ့ ချိန်းထားတာပဲ။ ဒီလူက ဘယ်လို လူမျိုးလဲ သူမသိ။

မည် သို့ ပင် ဖြစ်စေ အချိန်တတိတိ ကုန်လာသည်နဲ့အမျှ သူ့ပုံစံက အပြင်ထွက်ဖို့ပြင်နေသည့် လူ တစ်ယောက် ပုံပေါက်အောင် ကောင်းကောင်း သရုပ်ဆောင်နိုင်လာခဲ့သည်။ သူက စားပွဲခုံပေါ်ရှိ စားပြီးသား ပန်းကန်တွေ ကို ရှင်းသည်။ ဆိုဖာပေါ် သတင်းစာတွေ ပစ်တင်လိုက်သည်၊ ရေချိုးခန်းထဲ သွားပြီး ရေချိုး၊ မုတ်ဆိတ်ရိတ်သည်။ အိပ်ခန်းထဲကို တဘက်ကလေး ပတ်ပြီး ဝင်ကာ ဗီရိုကို ဖွင့်ပြီး ဒီနေ့ဝတ်ဖို့ အဝတ်အစားတွေ ထုတ်လိုက် သည်။ ဂျက်ကင်နဲ့ လည်စည်းဆီ စိတ်ရောက်သွားသည်။

သူ့မှာ သူ့မိန်းမနင့် သား၏ အသုဘပြီးကတည်းက လည်စည်းကို မစည်း ဖြစ်တော့၊ သူ့ဆီမှာ ရှိသေးရဲ့ လားတောင် ကောင်းကောင်းမမှတ်မိချင်။ သို့ ပေမဲ့ လည်စီးက သူ့ဗီရိုထဲက အစအနတွေ ကြားမှာ တွဲ လောင်းကျလို့နေ သည်။ အဖြူရောင် ရှပ်အင်္ကျီကိုတော့ ပွဲတက်အခမ်းအနား သိပ်များ ဆန်နေမလား စိတ်နဲ့ ပယ်လိုက်သည်။ အဲဒီ အစား မီးခိုးရောင် လည်စည်းနဲ့ လိုက်အောင် မီးခိုးနဲ့ အနီရောင် တစ်ထည်ကို ရွေးလိုက်သည်။ သူ့မှာ ဒီ အဝတ်အစားတွေ ကို အိပ်မွေ့ချခံထားရသလို မိန်းမောစွာ ဖြင့် ဝတ်ဆင် နေခဲ့သည်။

သူ့မှာ တံခါးလက်ကိုင်ဘုကို ဆွဲမဖွင့်ခင်အထိ သူ ဘာတွေ လုပ်နေ လဲဆိုတာ သိပ်မသေချာလှ။ သူ့ကိုယ်သူ ပြောမိသည်။

''ငါ အပြင်သွားတော့မယ် ထင်ပါရဲ့ ''

ဒါပေမဲ့ ဘယ်ကိုသွားရမှာ လဲ။ နောက်တစ်နာရီအကြာ လမ်း ၇၀ နဲ့ ပဥ္စမရိပ်သာကြားအရောက်၊ နံပါတ်လေး ဘတ်စ်ကားပေါ်မှ ဆင်းလာ သည်အထိ သူ့မှာ စဉ်းစားလို့မရသေး။ လမ်းတစ်ဖက်က ပန်းခြံက မနက် နေရောင် အောက်မှာ စိမ်းစိုလို့နေသည်။ တခြားတစ်ဖက်တွင် တော့ ဘာမှ မခြယ်သထားသည့် အဖြူရောင်

Frick ပြတိုက်၊ ကြည့်ရတာ ဒီအတိုင်း ပစ်ထားသည့်ပုံပင်။ သူ့စိတ်ထဲတွင် Vermeer ၏ Soldier and Young Girl Smiling ပန်းချီကားကို ဖျတ်ခနဲ တွေးမိပြီး ကောင်မလေး၏ မျက်နှာ အမူအရာ၊ ခွက်ကိုင်ထားသည့် သူမ၏ လက်အနေအထား၊ မျက်နှာ မမြင်ရသည့် လူ၏ အနီရောင် ကျောပြင်ကို ကြိုး စားမြင်ယောင်ကြည့်မိသည်။ သူ့စိတ်မှာ နံရံက အပြာရောင် မြေပုံကားချပ်နှင့် ပြတင်းပေါက်က ထိုးကျနေသည့်နေရောင် က ဖျတ်ခနဲ ပေါ်လာသည်။ အဲဒီ နေရောင် က အခု သူ့ နားမှာ ကျနေတဲ့ နေရောင် နဲ့ တူလွန်းလှသည်။ သူ လမ်းဆင်းလျှောက်နေ ခဲ့သည်။

သူ လမ်းဖြတ်ကူးပြီး အရှေ့ဘက်ကို ရွေ့လာခဲ့သည်။ Madison ရိပ်သာ ရောက်သည့်အခါ ညာဘက်ကို ချိုးပြီး တောင်ဘက်ကို တစ်ပြလောက် လျှောက်လာခဲ့သည်။ ထို့နောက် ဘယ်ဘက်ကို လှည့်ပြီး သူရောက်နေသည့်နေရာကို သတိပြုလိုက်မိသည်။ အဆောက်အဦရှေ့ မတ်တတ်ရပ်ပြီး-

''ငါရောက်ပြီထင်ပါရဲ့ ''

ဟု သူ့ကိုယ်သူ ပြောမိသည်။

ပူပန်ခဲ့တာတွေ ပျောက်သွားပြီး ရတ်တရက် သူ့စိတ်ထဲမှာ ဘာမှ အရေး မကြီးတော့သလို ထင်လာမိသည်။ သူ့မှာ အရာရာတိုင်းက အရင် ကြုံပြီးသားတွေ လို အံ့သြဖွယ်ရာ အေးဆေးတည်ငြိမ်နေခဲ့သည်။ ဧည့်ခန်းမ ကိုဝင်သည့် တံခါးကို ဆွဲဖွင့်ရင်း သူ့ကိုယ်သူ ပြောနေမိသည်။

'တကယ်များ ဖြစ်နေရင်တော့ စုံထောက် တစ်ယောက် အနေနဲ့ ငါ မျက်စိဖွင့်

နားစွင့်ထားရမယ်'

တံခါး လာဖွင့်ပေးသည်က အမျိုးသမီး တစ်ယောက် ။

ကွင်းမှာ ဤသို့ မမျှော်လင့်ထားသည့်အတွက် ရုတ်တရက် ကြောင် သွားသည်။ အ ဖြစ်အပျက်တွေ က မြန်ဆန်လွန်းသည်။ သူ့မှာ အမျိုးသမီး ကို စိတ်ထဲမှာ ကောင်းကောင်းပင် မကျက်မိသေး။ သူမ ကတော့ သူ့ကို စကားတွေ ပြောနေခဲ့ပြီ။ ဒီတော့လည်း သူ့မှာ ပြန်ပြီးပြောဖို့ လိုလာသည်။ ဒီ့အတွက် ပထမဆုံး အခိုက်အတန့်လေးမှာတင် သူ့မှာ အခြေပျက်ပြီး အိပ်ရာမှ လန့်နိုးလာသူ တစ်ယောက် လို နောက်က ကတောကမျော အမီ လိုက်နေခဲ့ရသည်။ နောက်ပိုင်း သူ့မှာ ဒီအ ဖြစ်အပျက်တွေ ကို အချိန်ရ၍ ပြန်စဉ်းစားကြည့်သည့်အခါ ဒီ အမျိုးသမီးနဲ့ ဆုံခဲ့ရပုံကို တစ်စစီ ဆွဲစပ် နိုင်လာခဲ့သည်။ သို့သော် ဒါက မှတ်မိသမျှကို ပြန်ပြီးစဉ်ကြည့်သည့် မှတ်ဟ်ဏ်၏ အလုပ်ပင်။

သူ သိသလောက်တော့ ပြန်လည်သတိရခြင်းတွေ က အတိတ်က အရာတွေ ကို ပုံပျက်စေတတ်သည်။ အဲဒီ အတွက် သူ့မှာ ဘာကိုမှ သိပ်ပြီး တော့ သေသေချာချာ မသေချာလှ။

အမျိုးသမီးက အသက်သုံးဆယ်လောက်ပဲရှိမည် ။ သုံးဆယ့်ငါး လောက်လည်း ရှိနိုင်သည်။ အရပ်အမောင်းက အနေတော် ပင်။ ပျော့ပျောင်း သည့် ကောက်ကြောင်း အလှအပတွေ ရှိသည်။ ကြည့်တဲ့အပေါ်တော့ မူတည်ပေလိမ့်မည် ။ အနက်ရောင် ဆံပင်၊ အနက်ရောင် မျက်လုံးနှင့် ၊ သူမ ကြည့်တဲ့ပုံက ကိုယ့်အလှကိုယ် ကျေနပ်နေပြီး မသိမသာ မြူဆွယ်နေသယောင်ရှိသည်။ အနက်ရောင် ဝတ်စုံကို ဝတ်ဆင်ထားပြီး နှုတ်ခမ်းနီရဲရဲ ဆိုးထားသည်။

'မစ္စတာ အော်စတာပါလား'

ပြုံး စစနှင့် ဦးခေါင်းကို မေးခွန်းထုတ်ဟန်ဖြင့် ယမ်းလိုက်သည်။

'မှန်ပါတယ် ပေါလ်အော်စတာပါ'

ကွင်းက ပြောလိုက်သည်။

'ကျွန်မက ဗာဂျီးနီးယား စတေမင်ပါ။ ပီတာရဲ့ ဇနီးပါ။ သူ့ခမျာ ရှင့်ကို ဧ နာရီထိုးကတည်းက စောင့်နေတာ'

'ချိန်းထားတာ ဆယ်နာရီ မဟုတ်လား'

ကွင်းက သူ့နာရီကို တစ်ချက်လှမ်းကြည့်ပြီး ပြောလိုက်သည်။

'သူက အရမ်းစိတ်ပူနေတာ၊ သူ့ကို ဒီလိုမျိုး အရင်က တစ်ခါမှ မမြင်ဖူးဘူး၊ သူ့မှာ ရှင်နဲ့တွေ့ဖို့ မစောင့်နိုင်အောင်ပဲ'

သူမက ကွင်းကို တံခါးဖွင့်ပေးသည်။ သူလည်း အဝင်ဖိနပ်ချွတ်ကို ဖြတ်ကာ အခန်းထဲ ဝင်လိုက်သည်။ စိတ်ထဲမှာ ဟာလာဟင်းလင်းနှင့် ဦးနှောက်က ရတ်တရက် အလုပ်မလုပ်သလို ဖြစ်နေသည်။ သူ့မှာ မြင်သမျှ အသေးစိတ်ကို အာရုံစိုက်ချင်သော်လည်း လတ်တလောမှာ တော့ ဤသို့ လုပ်နိုင်မည် မထင်။

သူ့မျက်စိထဲတွင် မသဲမကွဲနှင့် ပတ်ပတ်လည်ရှိ အဆောက်အဦမှာ ကြီးမားပြီး ကြောက်စရာလိုလို၊ အဆောက်အဦက စုစုပေါင်း အခန်း ငါးခန်း ခြောက်ခန်းလောက် ရှိမည် ။ အခန်းထဲတွင် အနုပညာလက်ရာတွေ ၊ ငွေပြာခွက်တွေ ၊ နံရံပေါ်မှာ တော့ ဘောင်ကွပ်ထားသော ပန်းချီကားချပ်တွေ ၊ ပရိဘောဂတွေ နှင့် ပြည့်နှက်လို့နေသည်။ သို့ ပေမဲ့ ဒါလောက်ပါပဲ။ သူ ကိုယ်တိုင် ဒီနေရာမှာ ရှိနေပြီး သူ့မျက်စိနဲ့ တပ်အပ်မြင်နေရသော ဩား သာမန် မြင်ကွင်းတစ်ခုထက် မပို။ ဘာအဓိပ္ပာယ်မှ မရ။

သတိထားမိတဲ့အချိန် ဆိုဖာပေါ်မှာ သူ တစ်ယောက် တည်း။

မစ္စ စတေမင်က-''ယောက်ျားကို သွားရှာလိုက်ဦးမယ်နော်၊ ခဏလေး ထိုင်စောင့် ပါဦး'' ဟု ပြောခဲ့သည်ကို အခုအချိန်မှ သတိရလာမိသည်။ ဘယ်လောက် ကြာသွားလဲပင် သူ မသိ၊ တစ်မိနစ်၊ နှစ် မိနစ်ထက် မပိုတာတော့ သေချာ သည်။ သို့သော်လည်း ပြတင်းပေါက်က ဝင်လာသည့် နေရောင် အရ မွန်းတည့်လုပြီလို့ ထင်ရသည်။ ဒါပေမဲ့လည်း နာရီကို ကြည့်ဖို့ သူ

သတိမရ။ ဗာဂျီးနီးယား စတေမင်၏ ရေမွှေးနံ့က သူ့နားမှာ သင်းပျံ့နေဆဲ။

ရုတ်တရက် သူ့စိတ်ထဲတွင် သူမကို အဝတ်အစားမပါဘဲ မှန်းကြည့် သည်။ ထို့နောက် သူ့နေရာတွင် မာစ်ဝေါ့သာဆို ဘယ်လိုများ စဉ်းစားမလဲ တွေ းနေမိသည်။

သူ စီးကရက် သောက်ဖို့ ဆုံးဖြတ်လိုက်သည်။ အခန်းထဲ စီးကရက် ငွေ့တွေ ကို အရှိန်ပြင်းပြင်းနှင့် မှု တ်ထုတ်နေမိသည်။ သူ့ပါးစပ်ကနေ ဆေးလိပ် ငွေ့တွေ တလူလူလွင့်ပျံတက်ကာ အလင်းရောင် အောက်တွင် တစ်မျိုးတစ်ဖုံ အဓိပ္ပာယ်ဆောင်နေသည်ကိုကြည့်ရင်း သူ သဘောကျနေမိသည်။

အနောက်မှ တစ်ယောက် ယောက် ဝင်လာသံကို သူ ကြားလိုက်ရ သည်။ ကွင်းလည်း ဆိုဖာကနေ ထပြီး မစ္စစတေမင်များ လား လှည့်ကြည့် လိုက်မိသည်။

သို့ သော် သူမအစား ငွေရောင် ဆံပင်နှင့် တစ်ကိုယ်လုံး အဖြူရောင် ဝတ်ဆင်ထားသည့် လူငယ် တစ်ယောက် ကိုသာ တွေ ့လိုက်ရသည်။ ကွင်း စိတ်ထဲတွင် သူ့ကိုတွေ ့တွေ ့ချင်း ဆုံးသွားသည့် သားကို သတိရသွားမိ သည်။ သို့ သော် ချက်ချင်း ပင် ထိုအတွေ းက ပြန်ပျောက်သွားခဲ့သည်။

ပီတာစတေမင်က အခန်းထဲ လျှောက်လာပြီး ကွင်းနှင့် တည့်တည့် အနီရောင် ကော်ဇောခင်းထားသော ကုလားထိုင်တွင် ဝင်ထိုင်လိုက်သည်။ သူ့မှာ ကုလားထိုင်တွင် ဝင်ထိုင်စဉ်အခိုက် စကားတစ်လုံးမှ မဟ၊ ထိုင်နေ သည့် ကွင်းကို ရှိသည်ဟုပင် မမှတ်သလို၊ တစ်နေရာမှ တစ်နေရာ ရွှေ့ ရတာ သူ့အတွက် အတော် အာရုံစိုက်နေရသလိုပင်။ သတိလွတ်သွားသည် နှင့် သူ့မှာ မလှုပ်မရှားနိုင် ဖြစ်သွားတော့မည့် အတိုင်း။

ဒီလိုပုံစံနဲ့ လှုပ်ရှားနေတဲ့လူမျိုး ကွင်း တစ်ခါမှမကြုံဖူး၊ ချက်ချင်း ပဲ ဒါ သူနဲ့ ဖုန်းပြောခဲ့သူမှန်း သဘောပေါက်လိုက်မိသည်။ ခန္ဓာကိုယ်က လည်း အသံနှင့် လိုက်သည်။ စက်ရုပ်လို၊ ရပ်လိုက် သွားလိုက်၊ နှေးလိုက် မြန်လိုက်၊ တောင့်တောင့်ကြီး ပြောနေသော လည်း ခံစားမှု ကို ဖော်ပြနေ သည်။ သူ့ကိုကြည့်ရသည်မှာ စိတ်ဆန္ဒနဲ့ ကင်းလွတ်ပြီး အထိန်းအချုပ်မဲ့ လှုပ်ရှားနေသလို၊ ကွင်းစိတ်ထဲတွင် စတေမင်မှာ ခန္ဓာကိုယ်ကို အတော် ကြာ

အသုံးမပြုခဲ့သဖြင့် သူ့လုပ်ငန်းဆောင်တာတွေ ကို ပြန်သင်ယူနေရတာ များ လား ထင်မိသည်။

ဒီ့အတွက် ခန္ဓာကိုယ်၏ လှုပ်ရှားမှု ကို သိစိတ်နှင့် လုပ်ဆောင်နေရပြီး လှုပ်ရှားမှု တိုင်းတွင် အသေးစိတ်လှုပ်ရှားမှု တစ်ခုချင်းစီ ကွဲသွားကာ အလို အလျောက် ချောချောမွေ့မွေ့ မ ဖြစ်နိုင်တော့။ ကြိုး မပါဘဲ လမ်းလျှောက် နေသည့် ရုပ်သေးရုပ်ကို ကြည့်ရသလို ဖြစ်နေခဲ့သည်။ ပီတာစတေမင်နှင့် ပတ်သက်သမျှ အရာအားလုံးမှာ အဖြူရောင် ချည်းသာ ဖြစ်နေခဲ့သည်။ လည်ပင်းဟပြီး ဝတ်ထားသည့် အဖြူရောင် ရှပ်အင်္ကျီ၊ အဖြူရောင် ဘောင်းဘီ၊ အဖြူရောင် ရှူး ဖိနပ်၊ အဖြူရောင် ခြေစွပ်၊ ဖြူဖျော့ဖျော့ အသားအရေနှင့် ဝါဖျော့ဖျော့ဆံပင်ပါးပါးကို ပေါင်းလိုက်သည့်အခါ ဖွေး ဆွတ်ကာ ထုတ်ချင်းပေါက်လုမတတ်ပင်။ သူ့မျက်နှာအရေပြားအောက်က သွေးကြောပြာပြာကိုပင် မြင်နိုင်လောက်သည့်အထိ။ အပြာရောင် သွေးကြော တွေ က ကောင်းကင်နှင့် တိမ်တွေ ထဲ ရောနှောပျော်ဝင်သွားမည့် မီးခိုး ပြာမျိုး၊ သူ့မျက်လုံးက အပြာနဲ့ တစ်ထပ်တည်းနီးပါးပင်။ ကွင်းမှာ သူ့ကို ဖော်ညွှန်းဖို့ စကားလုံးကို စဉ်းစားမရ။ ကွင်းအဖို့ သူ အနားရောက်လာတာ အာစေးဆို့ခံလိုက်ရသလိုပင်။

စတေမင်လည်း သူ့ခုံတွင် ဖြည်းညင်းစွာ ထိုင်ချလိုက်ပြီးနောက် ကွင်းဘက်ကို လှည့်လာခဲ့သည်။ သူနှင့် မျက်နှာချင်းဆိုင်လိုက်ချိန် ကွင်း စိတ်တွင် ရုတ်တရက် စတေမင်ကို မမြင်နိုင်သည့်အရာလို ထင်မိသည်။ သူ့ရှေ့တည့်တည့်တွင် ထိုင်နေတာ တွေ့နေရသော လည်း တကယ် မရှိသလိုပင်။ ကွင်းစိတ်ထဲတွင် စတေမင်ကို မျက်မမြင်များ လား အတွေးဝင် လာမိသည်။ သို့ပေမဲ့ မ ဖြစ်နိုင်ပါ။ သူက ကွင်းကို ကြည့်နေခဲ့သည်။ အကဲခတ်နေခဲ့သည်။ သူ့မျက်နှာမှာ သာ အသိအမှတ်ပြုသည့် အမူအရာ မပေါ်လာခဲ့လျှင် သူ့အကြည့်က တကယ့်ကို ကြောင်တောင်ငေးနေသလို ကြီး၊ ကွင်းလည်း ဘယ်လို လုပ်ရမည် မသိ။ သူလည်း စတေမင်ကို ဘာမှမပြောတော့ဘဲ သူ့ခုံမှာ ပဲ ထိုင်နေလိုက်သည်။

'ကျေးဇူးပြုပြီး မမေးပါနဲ့'

လူငယ်က နောက်ဆုံးမှာ ပြောလာခဲ့သည်။

'ဟုတ်ကဲ့ မမေးပါနဲ့ ကျေးဇူးတင်ပါတယ်'

သူက ခဏာရပ်လိုက်သည်။

'ကျွန်တော် ပီတာစတေမင်ပါ။ ကျွန်တော့် စိတ်နဲ့ ကျွန်တော် ပြော တာပါ။ ဟုတ်ကဲ့၊ ဒါ ကျွန်တော့် နာမည် အစစ်တော့ မဟုတ်ပါဘူး၊ မဟုတ် ပါဘူး၊ ကျွန်တော့် စိတ်က တစ်မျိုး ဖြစ်နေတာတော့ အမှန်ပဲ။ ဒါပေမဲ့ ဒီ့အတွက် ဘာမှ မတတ်နိုင်ဘူး။ မမေးပါနဲ့ ဒါနဲ့ပတ်သက်လို့ မမေးနဲ့ မမေးနဲ့၊ ထပ်မမေးပါနဲ့'

'ခင်ဗျားက အဲဒီ မှာ ထိုင်ပြီး စဉ်းစားနေလိမ့်မယ်၊ အခုပြောနေတာ ဘယ်သူလဲ၊ သူ့ပါးစပ်က ဘာတွေ ပြောနေတာလဲဆိုပြီးတော့၊ ကျွန်တော် ခင်ဗျားကို ပြောပြမယ်၊ ဒါမှမဟုတ် မပြောပြဘူး၊ ပြောချင်လည်း ပြောမယ်၊ မပြောချင်လည်း မပြောဘူး၊ ကျွန်တော် စိတ်က ပုံမှန်အတိုင်း မဟုတ်ဘူး၊ အခုတော့ ကျွန်တော့် စိတ်ဆန္ဒအတိုင်း ပြောနေတာပါ။ ဒါပေမဲ့ ကျွန်တော် ကြိုး စားကြည့်ပါ့မယ်၊ ဟုတ်တယ်၊ မဟုတ်ဘူး၊ ကျွန်တော့် စိတ်က ခက်ခဲ အောင် ဘယ်လိုပဲလုပ်ထားထား ကျွန်တော် ခင်ဗျားကို ကြိုး စားပြောကြည့် ပါ့မယ်၊ ကျေးဇူးတင်ပါတယ်'

'ကျွန်တော့် နာမည် ပီတာစတေမင်ပါ၊ ခင်ဗျား ကျွန်တော့် နာမည် ကို ကြားဖူးကောင်း ကြားဖူးပါမယ်၊ ဒါပေမဲ့ မကြားဖူးဖို့ ပိုများ ပါတယ်။ ကိစ္စမရှိပါဘူး၊ ဒါ ကျွန်တော့် နာမည် ရင်းလည်း မဟုတ်ပါဘူး၊ ကျွန်တော် နာမည် ရင်းကိုလည်း ကျွန်တော် မမှတ်မိတော့ပါဘူး၊ ခွင့်လွှတ်ပါ၊ အဲဒီ အတွက်လည်း ဘာမှတော့မ ဖြစ်ပါဘူး၊ ပြောရရင် ဘာမှလည်း ပိုပြီး ထူးလာမှာ မဟုတ်ပါဘူး'

'စကားပြောတယ်ဆိုတာ ဒါပဲလေ၊ စကားလုံးတွေ ထွက်လာမယ်၊ လေထဲပျံ့လွင့်မယ်၊ ခဏလောက်ပဲခံပြီး သေဆုံးသွားမယ်၊ ဒါကို စကား ပြောတယ်လို့ ခေါ်ကြတာ မဟုတ်လား၊ ထူးဆန်းလှချေရဲ့ လို့ မထင်မိ ဘူးလား၊ ကျွန်တော် ကတော့ ဘယ်လိုမှ မထင်ဘူး၊ နီးလို့ပဲ ထပ်ထပ် ပြောပါရစေ၊ ဒါပေမဲ့လည်း ခင်ဗျားမှာ စကားလုံးတွေ ရှိဖို့ လိုသေးတယ်၊ စကားလုံးတွေ မှ အများ ကြီး၊ သန်းပေါင်းများ စွာ ထင်ပါရဲ့ ၊ သုံးလေးသန်း

ပဲလည်း ဖြစ်နိုင်တယ်၊ ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ကျွန်တော် ဒီနေ့ နေလို့ ကောင်းနေတယ်၊ အရင်ထက် အများ ကြီးကို ပိုကောင်းတယ်၊ ခင်ဗျားလိုအပ် မယ့် စကားလုံးတွေ များ ကျွန်တော် ပေးလိုက် နိုင်ရင် ကြီးကျယ်ခမ်းနားတဲ့ အောင်ပွဲတစ်ခု ဖြစ်မှာ ပဲ၊ ကျေးဇူးတင်ပါတယ်၊ ကျေးဇူး ကုဋေကုဋာပါပဲ'

'ဟိုးလွန်ခဲ့တဲ့ ကာလအတော် ကြာကြာက အမေနဲ့အဖေ ရှိခဲ့တယ်၊ ကျွန်တော် ဘယ်သူ့ကိုမှ မမှတ်မိတော့ဘူး၊ သူတို့ ပြောကြတာ ကတော့ အမေက ဆုံးသွားပြီတဲ့၊ သူတို့ဆိုတာ ဘယ်သူဘယ်ဝါတော့ ကျွန်တော် လည်း မပြောနိုင်ဘူး၊ ခွင့်လွှတ်ပါ၊ ဒါပေမဲ့ ဒါက သူတို့ ပြောကြတာပါ'

'ဒါဖြင့် အမေ မရှိဘူးပေါ့၊ ဟာ ဟ၊ အခု ကျွန်တော် ဒီလိုမျိုး ရယ်တတ်တယ်၊ ကျွန်တော့် ဗိုက်ထဲကနေ ရှုပ်ထွေးပြီး အဓိပ္ပာယ်မရှိလှတဲ့ စကားလုံးတွေ ပွင့်အန်ထွက်လာတယ်၊ ဟား ဟား ဟား၊ အဖေကြီးက ပြောတယ်၊ ဘာမှ မထူးဘူးတဲ့၊ ကျွန်တော့် အဖို့ ပြောရရင်တော့ သူ့အဖို့ အဖေကြီးဆိုတာ ကြွက်သားအပြိုင်းအရိုင်းနဲ့ ဒီလို ဘွန်း ဘွန်း ဘွန်း၊ လောလောဆယ် ကျေးဇူးပြုပြီး မမေးပါနဲ့၊ ကျွန်တော် သူတို့ပြောတာကိုပဲ ပြောပြရတာ က ကျွန်တော် ဘာမှ မသိလို့ဘဲ၊ ကျွန်တော် က ဘာမှ မမှတ်မိ တဲ့ သနားစရာကောင်းလေး ပီတာစတေမင်ပဲ၊ ဘူး ဟူး၊ ကမောက်ကမတွေ ဖြစ်သွားခဲ့တယ်၊ တကယ့် အမိုက်အမဲလေးပါ၊ ခွင့်လွှတ်ပါ၊ သူတို့ပြောတာ၊သူတို့ပြောတာ။ ဒါဖြင့် သနားစရာ ပီတာလေး ဘာပြောသလဲ၊ ဘာဆို ဘာမှ လုံးဝကို မပြောဘူး၊ ပြောတော့မှာ မဟုတ်ဘူး'

'အဲဒီ မှာ အမှော င်ပဲရှိတယ်၊ အရမ်းကို မှော င်တယ်၊ မှော င်သလား မမေးနဲ့လို့ ပြောရလောက်အောင် မှော င်တယ်၊ သူတို့ပြောတာက အဲဒါ အခန်းတဲ့၊ ကျွန်တော် ပြောနိုင်တာ ကတော့ မှော င်နေတာပဲ၊ ကျေးဇူးတင် ပါတယ်၊ အမှော င်၊ အမှော င်၊ သူတို့ ပြောတာက ကိုးနှစ် တဲ့၊ ပြတင်း တစ်ပေါက်တောင် မရှိဘူး၊ သနားစရာ ပီတာစတေမင်၊ ပြီးတော့ ဘွန်း ဘွန်း ဘွန်း၊ အီအီးပုံကြီး၊ ရှူး ရှူး အိုင်ကြီး၊ မှုံးမွှေ့ သတိလစ်သွားတာတွေ ၊ ကန်တော့နော်၊ အဲဒီ မှာ ထုံကျဉ်ပြီး ကိုယ်လုံးတီးနဲ့ ကန်တော့နော်'

'အဲဒီ တုန်းက အမှော င်ပဲရှိတယ်လို့ ကျွန်တော် ခင်ဗျားကို ပြောခဲ့ တယ်။ အမှော

င်ထဲမှာ အစားအသောက်တွေ ရှိတယ်။ မိုက်မှော င်နေတဲ့ အခန်းထဲ စားစရာတွေ က အများ ကြီး၊ သူက သူ့လက်တွေ နဲ့စားတယ်၊ ကန်တော့် နော်၊ ကျွန်တော် က ပီတာစားတာကို ပြောတာ၊ ကျွန်တော် သာ ပီတာဆိုရင်တော့ ဒီ့ထက်အများ ကြီး ပိုသာပါလိမ့်မယ်၊ ပြောချင်တာက အများ ကြီး ပိုဆိုးလိမ့်မယ်ဆိုတာပဲ၊ ကျွန်တော့် ကို ပြောခွင့်ပြုပါ၊ ကျွန်တော် ပီတာစတေမင်ပါ၊ ဒါ ကျွန်တော့် နာမည် ရင်းတော့မဟုတ်ပါဘူး၊ ကျေးဇူး တင်ပါတယ်'

'သနားစရာ ပီတာစတေမင်ပါ၊ ချာတိတ်ကလေးခမျာ ကိုယ်ပိုင် စကားလုံး နည်းနည်း ပဲ ရှိခဲ့ပါရဲ့ ၊ အဲဒီ နောက် ဘာစကားလုံးမှ မကြားရ၊ ဘယ်သူ့မှ မတွေ ့ရ၊ ဘာဆိုဘာမှ၊ အားလုံး နတ္ထိ'

'ခွင့်လွှတ်ပါ၊ မစ္စတာ အော်စတာ၊ ကျွန်တော် ခင်ဗျားကို စိတ် မကောင်းအောင် လုပ်နေမိမှန်း သိပါတယ်'

'ကျေးဇူးပြုပြီး မမေးပါနဲ့၊ ကျွန်တော့် နာမည် ပီတာစတေမင်ပါ၊ ဒါ ကျွန်တော့် နာမည် ရင်းတော့မဟုတ်ပါဘူး၊ ကျွန်တော့် နာမည် ရင်းက Mr.Sad (ကိုဝမ်းနည်း) ပါ၊ ခင်ဗျားနာမည် ကကော မစ္စတာ အော်စတာ၊ ကြည့်ရတာ ခင်ဗျားကမှ တကယ့် Mr.Sad (ကိုဝမ်းနည်း) အစစ် ဖြစ်နေပြီး ကျွန်တော် က ဘယ်သူမှ မဟုတ်ဘူးနဲ့တူပါရဲ့ '

'ဘူး ဟူး၊ ခွင့်လွှတ်ပါ၊ ကျွန်တော် က ဒီလိုမျိုး ငိုတတ်ညည်းတတ် တယ်၊ ဘူး ဟူး ငို ငို၊ အဲဒီ အခန်းထဲ ပီတာ တစ်ယောက် ဘာများ လုပ်နေသလဲ၊ ဘယ်သူမှ မပြောနိုင်ဘူး၊ အချ ု ့ ကတော့ ဘာမှ မလုပ်ဘူးလို့ ပြောကြတယ်၊ ကျွန်တော် ကတော့ ပီတာ တစ်ယောက် မတွေ းနိုင်ဘူးလို့ ထင်တယ် (think)၊ သူ မျက်တောင် ခတ်နိုင်လား (blink)၊ သူ သောက်နိုင်သလား (drink) သူ အနံ့ရသလား (stink) ဟားဟား ဟား၊ ခွင့်လွှတ်ပါ၊ တစ်ခါတစ်ရံ ကျွန်တော် က အရမ်းပျော်တတ်တယ်'

'ဝမ်းဘဲ ကလစ် ခရမ်ဘလီချော ဘီလူး၊ ကလပ် ကလပ် ဘက်ရက်၊ ထုံတုံ တုံ အသံတွေ ၊ ဖလက်လီမက်၊ ချူး မန်န၊ ယ ယ ယ၊ ခွင့်လွှတ်ပါ၊ ဒီစကားလုံးတွေ ကို ကျွန်တော် တစ်ယောက် တည်းပဲ နားလည်နိုင်ပါတယ်'

'နောက်ပိုင်း၊ နောက်ပိုင်း၊ နောက်ပိုင်း သူတို့ပြောကြတာက ပီတာ့ မှာ အများနည်းတူ စိတ်အရည်အသွေးတွေ ရလာဖို့ အတော် အချိန်ယူခဲ့ ရတယ်ဆိုပဲ၊ ဘယ်တော့မှ ပုံမှန်ပြန်မ ဖြစ်တော့၊ နီး နီး နီး၊ သူတို့ပြောတာ က တစ်ယောက် ယောက် က ကျွန်တော့် ကို တွေ့သွားခဲ့တယ်၊ ကျွန်တော် တော့ မမှတ်မိ၊ နီး၊ သူတို့ အခန်းတံခါးကို ဖွင့်ဝင်လာပြီး အခန်းထဲ အလင်းရောင် တွေ ဝင်လာတဲ့အခါ ဘာတွေ ဖြစ်သွားခဲ့လဲ ကျွန်တော် မမှတ်မိ၊ နီး၊ နီး၊ နီး။ ဒါနဲ့ ပတ်သက်ပြီး ကျွန်တော် ဘာမှ မပြောနိုင်'

'အချိန်အတော် ကြာကြာ ကျွန်တော် ဟာ မျက်မှန်နက် တပ်ထားခဲ့ ရတယ်၊ ကျွန်တော် ၁၂ နှစ် သားအရွယ်ထိအောင်ပဲ၊ ဒီလိုပဲ သူတို့ပြောကြ တာပဲ။ ကျွန်တော် က ဆေးရုံတစ်ရုံမှာ နေခဲ့တယ်၊ တဖြည်းဖြည်းချင်း သူတို့ က ကျွန်တော့် ကို ပီတာစတေမင် တစ်ယောက် လို ပြုမူနေထိုင်ဖို့ သင်ကြား ပေးခဲ့တယ်၊ သူတို့က ပြောတယ်၊ မင်းဟာ ပီတာစတေမင်ပဲ၊ ကျေးဇူးပဲ ကျွန်တော် က ပြောလိုက်တယ်၊ ယ ယ ယ၊ ကျေးဇူး ကျေးဇူး ကျွန်တော် ပြောလိုက်တယ်'

'ပီတာက ကလေးလိုပဲ၊ သူတို့မှာ သူ့ကို အကုန်လုံးသင်ပေးရတယ်။ ဘယ်လို လမ်းလျှောက်ရတယ်၊ ဘယ်လိုစားသောက်ရတယ်။ အိမ်သာထဲမှာ ဘယ်လို အီအီးပါပြီး၊ ဘယ်လို ရှူးရှူး ပေါက်ရလဲ၊ မဆိုးပါဘူး၊ ကျွန်တော် က သူတို့ကို ကိုက်ရင်တောင်မှ သူတို့က ဘွန်း ဘွန်း ဘွန်း မလုပ်ပါဘူး၊ နောက်ပိုင်းမှာ တော့ ကျွန်တော် လည်း ကျွန်တော် အဝတ်အစားတွေ ကို ဆုတ်ဖြဲတာကို ရပ်လိုက်တော့တယ်၊ ပီတာက လိမ္မာတဲ့ ကောင်လေးပါ၊ ဒါပေမဲ့ သူ့ကို စကားလုံးတွေ သင်ပေးရတာ ခက်လှတယ်၊ သူ့ပါးစပ် က ကောင်းကောင်း အလုပ်မလုပ်ဘူး။ သူ့ခေါင်းထဲမှာ လည်း စကားလုံးတွေ မရှိဘူး၊ သူ ဘာဘာဘာ ပြောမယ်၊ ပြီးရင် ဒါဒါဒါ၊ ပြီးရင် ဝါဝါဝါ၊ ခွင့်လွှတ်ပါ၊ နှစ် နဲ့ချီပြီး ကြာခဲ့ပါတယ်၊ အခုတော့ သူတို့တွေ က ပီတာ့ကို ပြောကြတယ်၊ မင်း အခု သွားနိုင်ပြီ၊ ငါတို့ မင်းအတွက် လုပ်ပေးနိုင်တာ အကုန်လုံး လုပ်ပေးခဲ့ပြီးပြီ'

'အခုတော့ သူတို့က ပီတာ့ကို ပြောကြတယ်၊ ပီတာစတေမင် မင်းဟာ လူသား တစ်ယောက် ၊ ဆရာဝန်တွေ ပြောတာကို ယုံလိုက်တာ ကောင်းပါတယ်၊ ကျေးဇူးတင်ပါတယ်၊

ကျေးဇူးအများ ကြီးတင်ပါတယ်၊ ကျွန်တော် ပီတာစတေမင်ပါ၊ ဒါ ကျွန်တော့် နာမည် ရင်းတော့ မဟုတ်ပါဘူး၊ ကျွန်တော့် နာမည် ရင်းက Peter Rabbit ပါ၊ ဆောင်းရာသီမှာ ကျွန်တော် က Mr.White၊ နွေရာသီရောက်ရင် Mr.Green ဒီတော့ ခင်ဗျား စဉ်းစား သာကြည့်တော့၊ ဒါ ကျွန်တော့် ဆန္ဒနဲ့ ပြောတာပါ၊ ဝမ်းဘဲ ကလစ် ခရမ်ဘလီချောဘီလူး၊ ဒါ လှတယ်မဟုတ်လား၊ ကျွန်တော် က အဲဒီ လို တစ်ချိန်လုံး စကားတွေ ထွင်လေ့ရှိတယ်၊ မတတ်နိုင်ဘူး၊ စကားလုံးတွေ က ကျွန်တော့် ပါးစပ်က အလိုအလျောက် ထွက်ကျလာတာပဲ၊ ဒါကို ဘာသာပြန်လို့ မရနိုင်ဘူး'

'တစ်မေးတည်းမေးနေလို့ ဘာမှအကျိုးမရှိဘူး၊ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို ပြောမယ်၊ ခင်ဗျားကို ကျွန်တော် ဝမ်းမနည်းစေချင်ဘူး မစ္စတာ အော်စတာ၊ ခင်ဗျားရုပ်က ကြင်နာတတ်မယ့်ပုံပဲ၊ ခင်ဗျားကို ကြည့်ပြီး ညည်းညူအော်ဟစ်သံတွေ ကြားလာရသလိုပဲ၊ ကျွန်တော် လည်း မသိဘူး၊ ခင်ဗျားမျက်လုံးတွေ က ကျွန်တော့် ကို ကြည့်နေတယ်၊ ဟုတ်တယ်၊ ဟုတ်တယ်၊ ကျွန်တော် သိနေတယ်၊ ဒါသိပ်ကောင်းတယ်၊ ကျေးဇူး တင်ပါတယ်'

'ဒါ့ကြောင့် ခင်ဗျားကို ကျွန်တော် ပြောပြရတာ ပဲ၊ ကျေးဇူးပြုပြီး မမေးပါနဲ့၊ ခင်ဗျားစိတ်ထဲ ဒီကိစ္စတွေ အားလုံးကို အံ့သြနေလိမ့်မယ်၊ ပြော ရရင် အဖေလုပ်တဲ့သူပဲ၊ ဒီကောင်လေးပီတာကို အခုလိုလုပ်ခဲ့တာတွေ အကုန်လုံးက ကြောက်စရာကောင်းလှတဲ့ အဖေလုပ်သူပဲ၊ စိတ်ချနေလို့ ရအောင် သူတို့က သူ့ကို အမှော င်ခန်းတစ်ခုထဲ ခေါ်သွားခဲ့တယ်၊ သူ့ကို အဲဒီ မှာ ချုပ်နှောင်ထားခဲ့တယ်၊ ဟား ဟား ဟား၊ ခွင့်လွှတ်ပါ၊ တစ်ခါ တစ်ခါ ကျွန်တော် က ပျော်တတ်တယ်'

'သူတို့ပြောတာက ဆယ့်သုံးနှစ် ဆိုပဲ၊ ဒါ အတော် ကြာကောင်း ကြာပါလိမ့်မယ်၊ ဒါပေမဲ့ ကျွန်တော် အချိန်နဲ့ပတ်သက်ပြီး ဘာမှမသိပါဘူး၊ နေ့တိုင်းမှာ ကျွန်တော် က အသစ် ဖြစ်နေခဲ့တယ်၊ မနက်မိုးလင်း အိပ်ရာ ထတာနဲ့ ကျွန်တော် က မွေးဖွားလာတယ်၊ တစ်နေ့တာလုံး ကြီးပြင်းလာ ပြီး ညဘက် အိပ်ပျော်သွားတဲ့အခါ သေသွားတယ်၊ ဒါ ကျွန်တော် အပြစ် လည်း မဟုတ်ဘူး၊ ကျွန်တော် ဒီနေ့ အရမ်းနေလို့ကောင်းတယ်၊ အရင် ထက် အများ ကြီးကို နေလို့ကောင်းတယ်'

'ဆယ့်သုံးနှစ် လုံး အဖေက အဝေးမှာ ၊ သူ့နာမည် ကလည်း ပီတာ စတေမင်ပဲ၊

မထူးဆန်းဘူးလား၊ လူနှစ် ယောက် က နာမည် တူ ရှိနိုင်သလား၊ ဒါ နာမည် ရင်း ဟုတ် မဟုတ် ကျွန်တော် မသိဘူး၊ ဒါပေမဲ့ သူက ကျွန်တော် မဟုတ်ဘူးလို့ ထင်ပါတယ်၊ ကျွန်တော် တို့ နှစ် ယောက် လုံးက ပီတာစတေမင်ပဲ၊ ဒါပေမယ့် ပီတာစတေမင်က ကျွန်တော့်နာမည် ရင်း မဟုတ်ဘူး၊ ဒါကြောင့် မို့ ကျွန်တော် က ပီတာစတေမင် မဟုတ်တာလည်း ဖြစ်နိုင်တယ်'

'ဆယ့်သုံးနှစ် လို့ ကျွန်တော် ပြောတယ်၊ ဒါမှမဟုတ် သူတို့ပြောတယ်၊ ဘာမှတော့ မထူးပါဘူး၊ ကျွန်တော် အချိန်နဲ့ပတ်သက်လို့ ဘာမှမသိဘူး၊ သူတို့ပြောတာက ဒီလို၊ မနက်ဖြန်က ဆယ့်သုံးနှစ် ပြည့်မယ့်နေ့၊ အဲဒါကဆိုးတာ၊ သူတို့က အဲဒီ လို မဟုတ်ပါဘူးလို့ဆိုပေမယ့် အဲဒါက ဆိုးတယ်၊ ကျွန်တော် ပြန်ပြီးသတိမရချင်တော့ဘူး၊ ဒါပေမဲ့ ဒီလိုသာပြောနေပေမယ့် တစ်ခါတစ်ရံ ကျွန်တော် သတိရနေမိတတ်တယ်'

'သူ လာလိမ့်မယ်၊ ပြောချင်တာက အဖေလာလိမ့်မယ်၊ ပြီးတော့ သူ ကျွန်တော် ကို သတ်ဖို့ကြိုး စားလိမ့်မယ်၊ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော် အဲဒီ လို အ ဖြစ်မခံနိုင်ဘူး၊ နီး နီး၊ ထပ်မ ဖြစ်စေရတော့ဘူး၊ ပီတာ အခု အသက်ရှင်နေတယ်၊ ဟုတ်တယ် သူ့ခေါင်းထဲ ဘာမှ မရှိလှ ပေမယ့် သူ အသက်ရှင်နေသေးတယ်၊ ဒါ တစ်ခုခုပဲ၊ ဟုတ်တယ် မဟုတ် လား၊ ခင်ဗျား ကြည့်၊ မြေကြီးလက်ခတ်မလွဲဘဲ၊ ဟား ဟား ဟား'

'ကျွန်တော် အခုတော့ ကဗျာဆရာတစ်ပိုင်းကို ဖြစ်နေပြီ၊ နေ့စဉ် နေ့တိုင်း ကျွန်တော့် အခန်းထဲထိုင်ပြီး ကဗျာတစ်ပုဒ်ပြီးတစ်ပုဒ် ရေး တယ်။ အမှော င်ထဲမှာ နေခဲ့တုန်းကလိုမျိုးပဲ စကားလုံးတွေ ကို ကိုယ့်ဘာသာကိုယ် ဖန်တီးတယ်၊ ဒီနည်းနဲ့ အရာဝတ္ထု တွေ ကို ကျွန်တော် မှတ်မိဖို့ ကြိုး စား တယ်၊ ကိုယ့်ကိုယ်ကိုယ် အမှော င်ထဲ ပြန်ရောက်နေသလိုမျိုး စိတ်ကိုသွင်းပြီး တော့ပေါ့၊ ဒီစကားလုံးတွေ ရဲ့ အဓိပ္ပာယ်ကိုသိတာ ကျွန်တော် တစ်ယောက် ပဲ ရှိတယ်၊ ဘာသာပြန်ပြလို့ မရဘူး။ ဒီကဗျာတွေ နဲ့တင် ကျွန်တော် ကျော်ကြားသွားနိုင်တယ်'

'တကယ့်ကို ကွက်တိပဲ၊ ယား ယာ ယာ၊ လှပတဲ့ ကဗျာလေးတွေ ၊ လှလွန်းတဲ့အတွက် တစ်လောကလုံးက ဝိုင်းငိုကြလိမ့်မယ်၊ နောက်ဆိုရင် တော့ ကျွန်တော် တခြားတစ်ခုခု လုပ်ကောင်းလုပ်မိလိမ့်မယ်၊ ကျွန်တော် ကဗျာဆရာ တစ်ယောက် လုပ်ရင်းနဲ့

တစ်ချိန်မှာ အနေးနဲ့အမြန် စကားလုံး တွေ ခန်းသွားလိမ့်မယ်၊ လူတိုင်း လူတိုင်း ကျွန်တော် အထဲက စကားလုံး တွေ အများ ကြီး ရသွားမယ်၊ အဲဒါပြီး ကျွန်တော် ဘယ်သွားရမလဲ၊ ကျွန်တော့် မှာ မီးသတ်သမား ဖြစ်ချင်စိတ်ရှိတယ် ထင်ပါတယ်၊ အဲဒါပြီးရင် ဆရာဝန်၊ ဘာပဲ ဖြစ် ဖြစ် မထူးပါဘူး၊ ကျွန်တော် နောက်ဆုံး ဖြစ်ချင်မိတာက ကြိုး တန်းလမ်းလျှောက်သမား ဘဝပဲ၊ အဲဒီ အချိန်မှာ ကျွန်တော် က အိုမင်း မစွမ်း ဖြစ်နေပြီး တခြားသူတွေ ဘယ်လိုလျှောက်သလဲဆိုတာလည်း သင်ယူခဲ့ပြီးလောက်ပြီ၊ ပြီးရင် ကျွန်တော် ဝိုင်ယာကြိုး ပေါ်မှာ ကခုန်ပြီး လူတွေ က ရင်သပ်ရှုမောကြည့်ကြလိမ့်မယ်၊ ကလေးတွေ တောင် ပါဦးမယ်၊ ကျွန်တော် က အဲဒီ လိုလူမျိုး ဖြစ်ချင်တာ၊ မသေမချင်း ကြိုး တန်းပေါ်မှာ ကသွားချင်တယ်'

'ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ကျွန်တော့် အတွက် ဘာမှ မထူးပါဘူး၊ ခင်ဗျားမြင်တဲ့အတိုင်း ကျွန်တော် က လူချမ်းသာ တစ်ယောက် ၊ ကျွန်တော် ဘာမှ ပူပန်နေစရာ မလိုဘူး၊ နိုး နိုး။ အဲဒီ အတွက် ပြောတာမဟုတ်ဘူး၊ ခင်ဗျား စိတ်သာချ အဖေက လူ ချမ်းသာ၊ ပီတာလေးမှာ အမှော င်ခန်းထဲက လွတ်မြောက်လာပြီးတဲ့နောက် သူ့ အဖေရဲ့ ပိုက်ဆံတွေ အကုန်လုံးကို ရခဲ့တယ် ဟား ဟား ဟား၊ အော်ကြီးဟစ်ကျယ် ရယ်မိတဲ့အတွက် ခွင့်လွှတ်ပါ၊ တစ်ခါတစ်ခါ ကျွန်တော် က သိပ်ပျော်တတ်တယ်'

'ကျွန်တော် က နောက်ဆုံး စတေမင်မျိုးဆက်၊ သူတို့ပြောတာက ဘော်စတွန်က ပြောင်းလာတဲ့ မိသားစုတစ်ခုပဲတဲ့။ ခင်ဗျား ဒီအကြောင်း ကြားဖူးကောင်း ကြားဖူးလိမ့်မယ်၊ ကျွန်တော် က နောက်ဆုံးမျိုးဆက်၊ တခြား အမျိုးတွေ မရှိတော့ဘူး၊ ကျွန်တော် က တစ်မျိုးလုံးရဲ့ အဆုံးနိဂုံး၊ နောက်ဆုံး လူပဲ။ ကျွန်တော် ကတော့ ဒါကို အကောင်းဘက်က မြင်တယ်၊ အခုနေ အားလုံး နိဂုံးချုပ်သွားလည်း သနားစရာ မဟုတ်ဘူး၊ လူတိုင်းအတွက် သေဆုံးခြင်းဟာ ကောင်းတဲ့အရာပဲ'

'အဖေလုပ်သူက ဒီလောက်လည်း ဆိုးချင်မှ ဆိုးမယ်၊ အခုထိတော့ ကျွန်တော် ဒီလို ပြောနိုင်တယ်၊ သူ့မှာ ကြီးမားတဲ့ဦးခေါင်းရှိတယ်၊ ကြီးလွန်းလို့ အထဲမှာ နေရာလွတ် တွေ အများ ကြီးပဲ၊ အဲဒီ ခေါင်းကြီးထဲမှာ အတွေ းအခေါ်တွေ အများ ကြီး၊ ဒါပေမဲ့ သနားစရာ ပီတာလေးမှာ တော့ ဘာမှမရှိဘူး မဟုတ်လား။ တကယ့်ကို ချွတ်ခြုံကျလှပါတယ်၊ ပီတာ့ခမျာ

မမြင်နိုင်၊ မပြောနိုင်၊ မတွေ းနိုင် မလုပ်နိုင်နဲ့။ ပီတာ့မှာ ဘာဆို ဘာမှ မတတ်နိုင်။'

'ကျွန်တော် ဒီကိစ္စတွေ ကို ဘာမှ မသိဘူး၊ နားလည်း မလည်ဘူး၊ ကျွန်တော့် မိန်းမက ပြောပြတာ၊ သူက ကျွန်တော့် ကို ဒါတွေ ကို နားမလည် တာတောင်မှ သိထားဖို့လိုတယ်လို့ ပြောတယ်၊ ဒါပေမဲ့ အဲဒါကိုလည်း ကျွန်တော် နားမလည်ဘူး၊ သိဖို့ဆိုတာ နားလည်ဖို့လိုတယ်လေ၊ မဟုတ် ဘူးလား၊ ဒါပေမဲ့ ကျွန်တော် ဘာမှမသိဘူး၊ ကျွန်တော် ဟာ ပီတာစတေမင် ဖြစ်ချင်လည်း ဖြစ်မယ်၊ ဖြစ်ချင်မှလည်း ဖြစ်မယ်၊ ကျွန်တော့် နာမည် ရင်းက Peter Nobody၊ ကျေးဇူးတင်ပါတယ်၊ ဒါကိုကော ခင်ဗျား ဘယ်လို ထင်လဲ'

'ခင်ဗျားကို အဖေ့အကြောင်း ကျွန်တော် ပြောပြနေတာ၊ ကျွန်တော် နားမလည်ပေမယ့် ဒါဟာ ဇာတ်လမ်းကောင်းတစ်ပုဒ်ပါ၊ ခင်ဗျားကို ကျွန်တော် ပြောနိုင်တာက ကျွန်တော် စကားလုံးတွေ သိထားလို့ပဲ၊ ဒါကိုက တစ်ခုခုပဲ မဟုတ်ဘူးလား၊ ကျွန်တော် ဆိုလိုတာက စကားလုံးတွေ ကို သိနေတာကိုပါ၊ တစ်ခါတစ်ခါ ကျွန်တော် က သိပ်ပြီး ကိုယ့်ကိုယ်ကိုယ် ဂုဏ်ယူမိတယ်၊ ခွင့်လွှတ်ပါ၊ အဲဒါ ကျွန်တော့် မိန်းမ ပြောတာ။ အဖေက ဘုရားသခင် (God) အကြောင်း ပြောတတ်တယ်လို့ သူက ပြောတယ်၊ ကျွန်တော် အတွက်တော့ ဒီစကားလုံးက ရယ်စရာ စကားလုံးပဲ၊ ပြောင်းပြန် စီလိုက်ရင် ခွေး(dog) ဖြစ်သွားရော၊ ခွေးက ဘုရားသခင်နဲ့မတူဘူး မဟုတ်လား၊ ဝုတ် ဝုတ်၊ ဘောင်း ဝေါင်း၊ ဒါက ခွေးရဲ့ စကားလုံးတွေ ၊ ကျွန်တော် ကတော့ လှပတဲ့ စကားလုံးတွေ လို့ ထင်တယ်၊ လှပပြီး မှန်ကန် တယ်၊ ကျွန်တော် ဖန်တီးထားတဲ့ စကားလုံးတွေ လိုပဲ'

'ဘယ်လိုပဲ ဖြစ် ဖြစ် ကျွန်တော် ပြောတာက အဖေက ဘုရားသခင် အကြောင်း ပြောတတ်တယ်၊ သူက ဘုရားသခင်မှာ ဘာသာစကား ရှိ၊ မရှိ သိချင်တယ်၊ ဒါ ဘာကို ဆိုလိုတာလဲ ကျွန်တော့် ကို မမေးနဲ့၊ ကျွန်တော် ခင်ဗျားကို ပြောနေတာက စကားလုံးတွေ ကို သိနေလို့ပဲ။ အဖေက ကလေးငယ်ကို လူတွေ နဲ့ မတွေ ့ရရင် အဲဒီ ဘာသာစကားကို ပြောတတ်လိမ့်မယ်လို့ ထင်တယ်၊ ဒါပေမဲ့ ဘယ်က ကလေးငယ်လဲ၊အား... ခင်ဗျား သဘောပေါက်ပြီ မဟုတ်လား၊ သူ့မှာ ဒီအတွက် တခြား ကလေး တစ်ယောက် ကို ဝယ်စရာ မလိုပါဘူး။ ပီတာလေးမှာ လူတချို့ရဲ့ စကားလုံးတွေ ကြားဖူးထားပေမယ့်လည်း မ

ဖြစ်စလောက်လေးပါ။ အဖေက ခဏာနေရင် ပီတာ ဒါတွေ ကို မေ့သွားမှာ ပဲလို့ ထင်တယ်၊ ဒါကြောင့် မို့ တဖြမ်းဖြန်းနဲ့ ရိုက်နေခဲ့တာ။ ပီတာ စကားလုံးတစ်လုံး ထွက်မိတာနဲ့ သူ့ အဖေက သူ့ကို ဖြန်းဆို တီးရော၊ နောက်တော့ ပီတာလည်း ဘာမှ မပြောဖို့ နားလည်လာခဲ့တယ်၊ ယ ယ ယ၊ ကျေးရူး'

'ပီတာ့မှာ စကားလုံးတွေ ကို စိတ်ထဲမှာ ပဲ သိမ်းထားရတယ်၊ အဲဒီ နေ့တွေ လတွေ နှစ် ကာလတွေ တစ်လျှောက်လုံးပဲ။ အဲဒီ အမှော င်ထဲမှာ ပီတာလေးမှာ တစ်ယောက်တည်း၊ စကားလုံးတွေ က သူ့ခေါင်းထဲမှာ ဆူညံလို့ သူ့ကို အဖော်လုပ်နေခဲ့တယ်။ ဒါကြောင့် သူ့ပါးစပ်က အလုပ် ကောင်းကောင်း မလုပ်တော့တာပါ၊ သနားစရာ ပီတာ။ ဝူး ဟူး၊ ဒါက သူ့ရဲ့ မျက်ရည်တွေ ပဲ၊ ကောင်လေးမှာ ဘယ်တော့မှ မကြီးပြင်းနိုင်တော့'

'အခုတော့ ပီတာမှာ လူတွေ လို စကားပြောနိုင်လာခဲ့ပြီ၊ ဒါပေမဲ့ သူ့မှာ တခြားစကားလုံးတွေ ခေါင်းထဲမှာ ရှိနေတုန်းပဲ။ ဒါက ဘုရားသခင်ရဲ့ ဘာသာစကားတွေ ပဲ၊ တခြား ဘယ်သူမှ မပြောနိုင်ဘူး။ ဘာသာပြန် လို့လည်း မရနိုင်ဘူး၊ ဒါကြောင့် ပီတာက ဘုရားသခင်နဲ့ နီးစပ်နေခဲ့တာပဲ၊ ဒါကြောင့် ပဲ သူဟာ ကျော်ကြားတဲ့ ကဗျာဆရာ ဖြစ်နေတာပဲ'

'အခုတော့ ကျွန်တော့် အတွက် အရာရာ အဆင်ပြေလွန်းလှတယ်။ ကျွန်တော် ဘာ ဖြစ် ဖြစ်လုပ်နိုင်တယ်။ အချိန်မရွေး၊ နေရာမရွေး။ ကျွန်တော့် မှာ ဇနီးမယားတောင် ရှိတယ်၊ ခင်ဗျား မြင်တဲ့အတိုင်းပဲ၊ စောစောက ကျွန်တော် သူ့အကြောင်း ပြောခဲ့တယ်။ ခင်ဗျား သူနဲ့ ဆုံဖူးရင်တောင် ဆုံ ဖူးလိမ့်မယ်၊ သူက လှတယ်၊ မဟုတ်ဘူးလား၊ သူ့နာမည် က ဗာဂျီးနီးယား၊ အဲဒါ သူ့ နာမည် အရင်း မဟုတ်ဘူး၊ ဒါပေမဲ့ ဒါ ကျွန်တော့် အတွက် ဘယ်လိုမှ မနေဘူး'

'ကျွန်တော် တောင်းဆိုတိုင်း ကျွန်တော့် မိန်းမက ကောင်မလေး တစ်ယောက် ခေါ်ခေါ်လာပေးတယ်၊ ပြည့်တန်ဆာမလေးတွေ ပဲ၊ အများ ကြီး ရှိပြီ၊ ဟားဟား၊ သူတို့က ဒီလာပြီး ကျွန်တော် နဲ့ အိပ်ကြတယ်၊ ကောင်း လိုက်တာ မပြောပါနဲ့၊ ဗာဂျီးနီးယားက သူတို့ကို ပိုက်ဆံပေးတယ်၊ အကုန် လုံးကလည်း ပျော်ကြတယ်၊ ခင်ဗျား မယုံမရှိနဲ့၊ ဟား ဟား'

'သနားစရာ ဗာဂျီးနီးယားပဲ၊ သူက ချစ်ပွဲဝင်ရတာ မကြိုက်ဘူး၊ ကျွန်တော် နဲ့မို့လား မသိဘူး၊ တခြား တစ်ယောက် နဲ့တော့ အိပ်ချင်အိပ်မှာ ပေါ့၊ ဘယ်သူသိမလဲ၊ ကျွန်တော် တော့ ဘာမှ မသိဘူး၊ သိလို့လည်း ဘာမှ မထူးဘူး၊ ဒါပေမဲ့ ခင်ဗျား ဗာဂျီးနီးယားအပေါ် ကောင်းကောင်း ဆက်ဆံရင် သူက ခင်ဗျားနဲ့ အိပ်ချင်အိပ်နိုင်တယ်၊ ဒါဆိုရင် ကျွန်တော် လည်း ဝမ်းမြောက်မိမယ်၊ ခင်ဗျားအတွက်ပြောတာ၊ ကျေးဇူးတင်ပါတယ်'

'ဒီတော့ ပြောစရာတွေ မှ အများ ကြီးရှိသေးတယ်၊ ကျွန်တော် လည်း ကြိုး စားပြီးတော့ ပြောတာပဲ၊ ကျွန်တော့် ခေါင်းထဲမှာ လောလောဆယ် အကုန်လုံးမမှတ်မိဘူး၊ အဲဒါ အမှန်ပဲ၊ ဟုတ်တယ်၊ ကျွန်တော် ကိုယ့် သဘောနဲ့ ကိုယ်ပြောတာပါ၊ ကျွန်တော် က တစ်ခါတစ်ခါ စူးစူးဝါးဝါး ထအော်တတ်တယ်၊ ဘာအကြောင်းမှ မည့် မည့် ရရ ရှိလို့ မဟုတ်ပါဘူး၊ ဒါပေမဲ့ အကြောင်းတစ်ခုခုရှိပုံမျိုးနဲ့၊ ကျွန်တော့် မှာ ဘာမှ မမြင်ရ၊ ဘယ်သူ့ မှ မတွေ့ ရဘူး၊ ကျွန်တော် စကားတစ်လုံးမှမပြောဘဲ နေတဲ့အချိန်တွေ လည်း ရှိတယ်၊ တစ်နေ့ပြီးတစ်နေ့၊ တစ်နေ့ပြီးတစ်နေ့၊ ဘာဆိုဘာမှ တစ်လုံးမှကို မပြော ဖြစ်ဘူး၊ ကျွန်တော် မှာ ပါးစပ်က စကားလုံးတွေ ဘယ်လိုပြောရမလဲဆိုတာတောင် မေ့နေတယ်၊ ဒီနောက် ကျွန်တော် လှုပ်ရှား ဖို့တောင် ခက်လာတယ်၊ ယ ယ၊ မျက်စိဖွင့်ကြည့်ဖို့တောင် မလွယ်လှတော့ ဘူး၊ ဒီလိုနဲ့ ကျွန်တော် လည်း ကိုဝမ်းနည်း (Mr.Sad) ဖြစ်လာတယ်'

'တစ်ခါတလေပဲ ဖြစ် ဖြစ် ကျွန်တော် အမှော င်ထဲမှာ နေချင်တုန်းပဲ၊ ကျွန်တော် အတွက် ကောင်းတယ်လို့ထင်တယ်၊ အမှော င်ထဲမှာ ကျွန်တော် ဘုရားသခင်ရဲ့ စကားကို ပြောနိုင်တယ်၊ ဘယ်သူမှ မကြားနိုင်ဘူး၊ ကျေးဇူး ပြုပြီး ကျွန်တော့် ကို စိတ်မဆိုးပါနဲ့၊ ကျွန်တော် လည်း မတတ်နိုင်ဘူး'

'ကျွန်တော် အကြိုက်ဆုံးက လေရှိတာပဲ၊ တဖြည်းဖြည်းနဲ့ ကျွန်တော် လည်း ဒီလိုပတ်ဝန်းကျင်နဲ့ နေတတ်လာတယ်၊ လေနဲ့ အလင်းရောင် ၊ ဟုတ်တယ်၊ အလင်းရောင် က အရာရာတိုင်းအပေါ် ဖြာကျနေပြီး ကျွန်တော့် မျက်စိနဲ့ အဲဒီ အရာတွေ ကို မြင်အောင်လုပ်ပေးတယ်၊ လေနဲ့ အလင်းရောင် က အရာရာတိုင်းအပေါ် ဖြာကျနေပြီး ကျွန်တော့် မျက်စိနဲ့ အဲဒီ အရာတွေ ကို မြင်အောင်လုပ်ပေးတယ်၊ လေနဲ့ အလင်းရောင်

ရှိတာက ရှယ်ပဲ၊ ခွင့်လွှတ်ပါ၊ လေနဲ့ အလင်းရောင် ၊ ဟုတ်တယ်၊ ရာသီဥတုကောင်းရင် ကျွန်တော် က ပြတင်းပေါက်ဘေး ထိုင်ချင်တယ်၊ တစ်ခါတစ်ရံ ကျွန်တော် အပြင်ကို ငေးမောပြီး အောက်ကအရာတွေ ကို ကြည့်နေမိတယ်၊ လမ်းသွားလမ်းလာ တွေ ၊ ခွေးတွေ ၊ ကားတွေ ၊ လမ်းတစ်လျှောက် အဆောက်အဦတွေ က အုတ်ခဲတွေ ၊ တစ်ခါတစ်ရံ မျက်စိမှိတ်ပြီး အဲဒီ မှာ ထိုင်နေမိတယ်၊ လေညင်း လေးက ကျွန်တော့် မျက်နှာကို တိုက်ခတ်သွားတယ်၊ လေထဲမှာ အလင်း ရောင် ၊ ကျွန်တော့် ပတ်ပတ်လည်မှာ ၊ ကျွန်တော် မျက်လုံးတွေ ကို ထိုးဖောက် လို့ တောက်ပတဲ့ နေရောင် က ကျွန်တော် နဲ့ ကျွန်တော် မျက်လုံးတွေ ထဲ ဖြာကျလို့ ကျွန်တော့် မျက်စိထဲမှာ ကမ္ဘာကြီးက နီရဲလို့ နေတော့တယ်'

'ကျွန်တော် အပြင်ထွက်ခဲတယ်ဆိုတာ အမှန်ပဲ။ ကျွန်တော့် အတွက် မလွယ်ကူလှဘူး။ ကျွန်တော့် ကို အမြဲ စိတ်ချလို့ မရဘူး။ တစ်ခါတစ်ရံ ကျွန်တော် က ထအော်တတ်တယ်။ ကျေးဇူးပြုပြီး ကျွန်တော့် ကို စိတ်မဆိုး ပါနဲ့၊ ကျွန်တော် လည်း မတတ်နိုင်ဘူး။ ဗာဂျီးနီးယား ကတော့ ကျွန်တော့် ကို လူကြားထဲ ဘယ်လိုနေရမလဲဆိုတာ သင်ယူရမယ်လို့ ပြောတယ်၊ ဒါပေမဲ့ တစ်ခါတစ်ရံ ကျွန်တော့် ကိုယ် ကျွန်တော် မထိန်းနိုင်ဘဲ အော်သံက အလို အလျောက် ထွက်သွားတတ်တယ်'

ဒါပေမဲ့ ကျွန်တော် က ပန်းခြံတွေ သွားရတာ သဘောကျတယ်။ ပန်းခြံထဲမှာ သစ်ပင်တွေ ၊ လေညင်းနဲ့ အလင်းရောင် တွေ ရှိတယ်၊ အဲဒါ တွေ ရှိတာ ကောင်းတယ် မဟုတ်လား၊ ဟုတ်တယ်၊ တဖြည်းဖြည်းနဲ့ ကျွန်တော့် အတွင်း းထဲမှာ ပိုပြီးသက်သာလာသလို ခံစားရတယ်။ ဒေါက်တာဝစ်နီဂရက်စကီးကလည်း အဲဒီ လိုပဲပြောတယ်။ ကျွန်တော် ဟာ ရုပ်သေး ရုပ်ဘဝပဲ ရှိသေးတယ်ဆိုတာ သိပါတယ်။ ဒါတော့ မတတ်နိုင်ဘူး၊ နီး နီး၊ ဒါပေမဲ့ တစ်ခါတစ်ခါတော့ ကျွန်တော် ဟာ တစ်ချိန်မှာ ဖွံ့ဖြိုး လာပြီး အစစ်အမှန် ဖြစ်လာမယ်လို့ ထင်မိတယ်'

'အခုအထိတော့ ကျွန်တော် က ပီတာစတေမင်ပဲ။ ဒါ ကျွန်တော့် နာမည် ရင်းတော့ မဟုတ်၊ မနက်ဖြန် ကျွန်တော် ဘယ်သူ ဖြစ်မလဲ ကျွန်တော် လည်း မပြောနိုင်ဘူး၊ နေ့တိုင်းက အသစ် ဖြစ်သလို ကျွန်တော် က နေ့စဉ် အသစ်တစ်ဖန် ပြန်မွေးဖွားနေခဲ့တယ်။

ကျွန်တော် ကတော့ ဘယ်မှာ မဆို မျှော်လင့်ချက်ရှိတယ်လို့ မြင်တယ်။ အမှော င်ထဲမှာ တောင်မှ မျှော်လင့်ချက် က ရှိနေတာပဲ။ ကျွန်တော် သေသွားရင်တောင် ဘုရားသခင် ဖြစ်နိုင်သေး တာပဲ'

'ပြောစရာစကားလုံးတွေ အများ ကြီးရှိသေးတယ်၊ ဒါပေမဲ့ ကျွန်တော် ဒီနေ့တော့ အကုန်ပြောနိုင်မယ် မထင်ဘူး။ ကျွန်တော် အခု ပါးစပ်ညှောင်း လှပြီ။ ကျွန်တော် သွားသင့်ပြီထင်တယ်၊ မှန်ပါတယ်၊ ကျွန်တော် အချိန်နဲ့ ပတ်သက်ပြီး ဘာမှမသိပါဘူး။ ဒါပေမဲ့ ဒီအတွက် ကျွန်တော့် မှာ ဘာမှ မ ဖြစ်ပါဘူး၊ ကျေးဇူးအများ ကြီးတင်ပါတယ် မစ္စတာ အော်စတာ၊ ခင်ဗျား ကျွန်တော့် ကို ကယ်တင်လိမ့်မယ်ဆိုတာ ကျွန်တော် သိတယ်၊ ကျွန်တော် ခင်ဗျားကို အားကိုးပါတယ်၊ ခင်ဗျား သိတဲ့အတိုင်း ဘဝက အကြာကြီး နေနိုင်ပါသေးတယ်၊ အခန်းထဲမှာ တော့ အမှော င်ထုရယ်၊ ဘုရားရဲ့ ဘာသာစကားရယ်၊ အော်သံတွေ ရယ် အကုန်ရှိနေခဲ့တယ်။ ဒီမှာ တော့ ကျွန်တော် က ပြင်ပလေနဲ့ အလင်းရောင် အောက်မှာ လှပလို့၊ ခင်ဗျား မှတ်မိဦးမလား မသိ၊ ကျွန်တော် က ပီတာစတေမင်ပါ။ ဒါ ကျွန်တော့် နာမည် ရင်းတော့ မဟုတ်ပါဘူး၊ ကျေးဇူးအများ ကြီးတင်ပါတယ်'

# အခန်း (၃)

အမှာ စကားခြွေတာ ပြီးသွားခဲ့ပြီ ဖြစ်သည်။ ဘယ်လောက်တောင် ကြာသွားသလဲ ကွင်းလည်း မပြောတတ်၊ စကားသံတွေ စဲသွားမှ သူတို့မှာ အမှော င်ထဲ ထိုင်နေခဲ့ကြတာကို သတိရတော့သည်။ တစ်နေကုန်သွားခဲ့ပြီ ဆိုတာ ထင်ရှားသည်။

စတေမင် တစ်ယောက် မရပ်မနားပြောနေတုန်းမှာ အခန်းထဲ နေဝင်သွားခဲ့တာကို ကွင်း သတိမထားမိ။ အခုတော့ သူ့မှာ အမှော င်ထုနဲ့ တိတ်ဆိတ်မှု ကို ခံစားနေရသလို သူ့ခေါင်းတစ်ခုလုံး အဲဒီ အရာတွေ နဲ့ပဲ ပြည့်ကျပ်နေတော့သည်။ မိနစ်အတော် ကြာသွားသည်။ ကွင်းစိတ်ထဲမှာ တစ်ခုခုများ ပြောရင်ကောင်းမလား ဇဝေဇဝါနှင့် ၊ ပီတာစတေမင် တစ်ယောက် အဲဒီ မှာ ထိုင်ပြီး အသက်ပြင်းပြင်းရှူနေသံကို သူ့နားထဲ ကြားနေရသည်။ ထိုအသံမှလွဲ၍ တခြား ဘာအသံမှ မကြားရ။

ကွင်းမှာ ဘာလုပ်ရမယ် မသိ။ သူ့မှာ ဖြစ်နိုင်ခြေတွေ အတော် များများ ကို စဉ်းစားပြီး တစ်ခုပြီးတစ်ခု စိတ်ထဲကနေ ထုတ်နေမိသည်။ ဤသို့ဖြင့် ဘာများ ဖြစ်လာမလဲ စောင့်မျှော်ရင်း သူ့ခုံမှာ ပဲ ထိုင်နေမိသည်။

စတော့ကင်းဝတ်ထားသော ခြေထောက်တစ်စုံ အခန်းထဲ ဝင်လာ သည့်အသံက တိတ်ဆိတ်မှု ကို ဖြိုခွင်းလိုက်သည်။ ကလစ်ခနဲ မီးခလုတ် ဖွင့်လိုက်သည့် သတ္တုသံ ကြားလိုက်ရပြီး တစ်ခန်းလုံး လင်းထိန်သွားသည်။ ကွင်းလည်း အသံလာရာ အလိုအလျောက် လှမ်းကြည့်လိုက်မိသည်။ ထိုအခါ ပီတာ့ ဘယ်ဘက်ရှိ စားပွဲတင်မီးလုံးဘေးတွင် ရပ်နေသည့် ဗာဂျီးနီးယား စတေမင်ကို တွေ့လိုက်ရသည်။ လူရွယ် ကတော့ မျက်လုံး ဖွင့်ပြီး အိပ်နေသလို ရှေ့တည့်တည့်ကို ငေးစိုက်ကြည့်လို့။ မစ္စစတေမင်က ငုံ့ပြီး ပီတာ့ပခုံးကို သိုင်းဖက်ကာ သူ့နားထဲ တိုးတိုးကပ်ပြောသည်။

'နားဖို့ အချိန်ရောက်ပြီ ပီတာ၊ မစ္စ ဆာဗီဒရာ ရှင့်ကို စောင့်နေ တယ်'

ပီတာက သူမကိုကြည့်ပြီး 'ကိုယ့်မှာ မျှော်လင့်ချက်တွေ အပြည့်ပဲ'

ဟု ပြုံးရွှင်စွာ ဖြင့် ပြောလိုက်သည်။

ဗာဂျီးနီးယား စတေမင်က သူမယောက်ျားရဲ့ ပါးကို ဖွဖွလေးနမ်း လိုက်ပြီး-

'မစ္စတာ အော်စတာကို ဂွတ်ဘိုင်လို့ ပြောလိုက်ပါဦး'

ဟုဆိုသည်။

ပီတာ မတ်တတ်ထလိုက်သည်။ တစ်နည်းပြောရလျှင် ကုလားထိုင် ပေါ်က သူ့ခန္ဓာကိုယ်ကို ဖြည်းဖြည်းသက်သာ ရွှေ့လျားပြီး ခြေဖဝါးကိုချ လမ်းစလျှောက်သည်။ လှုပ်ရှားလိုက်တိုင်း အနောက်ကို ပြန်လန်ပြီး ထိုးကျ တော့မလို ဖြစ်နေသည်။ အကြောဆွဲကာ ပါးစပ်ကလည်း ကွင်း အဓိပ္ပာယ် ဖော်လို့မရသည့် စကားလုံးတွေ တအီအီ မြည် တွန်လို့နေသည်။ နောက်ဆုံး တော့ ပီတာ မတ်မတ်ရပ်နိုင်သွားသည်။ သူ့ကုလားထိုင်ရှေ့မှာ အောင်နိုင်သူ တစ်ယောက် လို ရပ်နေသည်။ ထို့နောက် ကွင်းမျက်လုံးကို စိုက်ကြည့်ကာ ဝတ်ကျေတမ်းကျေ ပြုံး ပြပြီး ဂွတ်ဘိုင်လို့ ပြောသည်။

'ဂွတ်ဘိုင် ပီတာ'

ကွင်းလည်း ပြန်နှုတ်ဆက်လိုက်သည်။

ပီတာက ဆတ်တောက်ဆတ်တောက်နှင့် လက်ဝှေ့ယမ်းပြပြီး ခပ်ဖြည်းဖြည်းလှည့်ကာ အခန်းကို ဖြတ်လျှောက်သွားသည်။ ဒယိမ်းဒယိုင် နဲ့ ညာလှမ်းလိုက်။ ဘယ်လှမ်းလိုက်။ ခြေထောက်တွေ က ကောက်ကွေးပြီး ကြက်ခြေခတ် ဖြစ်နေသည်။ အခန်းရဲ့ အဆုံး လင်းနေသည့် တံခါးဝတွင် အဖြူရောင် သူနာပြုဝတ်စုံနဲ့ သက်လတ်ပိုင်း အမျိုး :သမီး တစ်ယောက် က စောင့်နေခဲ့သည်။ 'ဒါ မစ္စ ဆာဗီဒရာပဲ ဖြစ်မယ်' ဟု ကွင်း မှန်းဆမိသည်။ ပီတာစတေမင် တံခါးဝကနေ ပျောက်ကွယ်သွားသည်အထိ သူ လိုက်ကြည့် နေမိသည်။

ဗာဂျီးနီးယား စတေမင်က ကွင်းနဲ့တည့်တည့် စောစောက သူ့ ယောက်ျား ထိုင်သွားသည့်ခုံမှာ ပဲ ဝင်ထိုင်လိုက်သည်။

'ရှင့်ကို သူနဲ့ ပေးမတွေ့ဘဲ ထားလိုက်လည်း ဖြစ်ပါတယ်၊ ဒါပေမဲ့ ရှင်ကိုယ်တိုင် မျက်ဝါးထင်ထင်မြင်လိုက်တာ အကောင်းဆုံးပဲလို့ ထင်မိလို့ပါ'

သူမက ပြောလိုက်သည်။

'ကျွန်တော် နားလည်ပါတယ်'

ကွင်းက အလိုက်သင့် ပြောလိုက်သည်။

'မဟုတ်ဘူး၊ ရှင်နားလည်လိမ့်မယ် မထင်ဘူး၊ ဘယ်သူမှလည်း နားလည်နိုင်မယ် မထင်ဘူး'

အမျိုးသမီးက နင့်နင့်သီးသီး ပြောလိုက်သည်။

ကွင်းလည်း နှိုင်းနှိုင်းချိန်ချိန် ပြုံး ပြလိုက်ပြီး လုပ်ငန်းစမှ ဖြစ်တော့မယ်လို့ ကိုယ့်ကိုယ်ကိုယ် ပြောလိုက်သည်။

'ကျွန်တော် နားလည်ခြင်း၊ နားမလည်ခြင်းက အဓိက မကျပါဘူး၊ ခင်ဗျားတို့က ကျွန်တော့်ကို အလုပ်အပ်တယ်ဆိုတော့ ကျွန်တော့် အဖို့ စောစော စနိုင်လေ ကောင်းလေ မဟုတ်လား၊ ကျွန်တော် သိရသလောက် ကိစ္စက အရေး ပေါ်ကိစ္စပဲ၊ ကျွန်တော် ပီတာ့အခြေအနေကိုရော၊ ခင်ဗျားရဲ့ ခံစားချက်ကိုရော နားလည်ပါတယ်လို့ မပြောချင်ပါဘူး၊ အရေး ကြီးတာက ကျွန်တော့် မှာ ကူညီချင်စိတ်ရှိနေတယ်၊ ခင်ဗျားတို့အနေနဲ့ ဒီအခွင့်အရေး ကို အရယူသင့်တယ်လို့ ကျွန်တော် ထင်တယ်'

သူ အခုတော့ အာစလျှာစ သွက်လာခဲ့ပြီ။ သူ့မှာ လေသံမှန်မှန်နှင့် ပြောနိုင်သည့်အတွက် ရုတ်တရက် ပီတိစိတ်က တစ်ကိုယ်လုံး တဖွားဖွားပေါ်လာပြီး သူ့ကိုယ်ထဲက အဆီးအတားတွေ ကို ဖြတ်ကျော်လာနိုင်ခဲ့ သလိုပင်။

'ရှင်ပြောတာ မှန်ပါတယ်၊ ဟုတ်တယ်၊ ရှင်ပြောသလိုပဲ'

ဗာဂျီးနီးယား စတေမင်က ပြောသည်။ အမျိုးသမီးက ခဏရပ်ပြီး အသက်ကို ပြင်းပြင်းရှူသွင်းလိုက်သည်။ ထို့နောက် သူမစိတ်ထဲ ပြောရမည့် အကြောင်းအရာတွေ ကို

အစမ်းလေ့ကျင့်နေသလိုမျိုးနှင့် ခဏရပ်နေခဲ့သည်။ သူမလက်တွေ က ကုလားထိုင် လက်ရန်းကို တင်းတင်းဆုပ်ကိုင်လို့ထားတာ ကို ကွင်း သတိထားမိသည်။ ပြီးမှ သူမက ဆက်ပြောသည်။

'ပီတာပြောသမျှ အတော် များများ ဟာ ရှင့်အဖို့ ပထမဆုံး ကြားဖူး တာ ဖြစ်တဲ့အတွက် ရှုပ်ထွေးစရာ ဖြစ်နေလိမ့်မယ်ဆိုတာ ကျွန်မသိပါတယ်၊ သူ ရှင့်ကို ပြောနေတာကို တစ်ဖက်ခန်းက ကျွန်မ နားထောင်နေခဲ့တာပါ၊ ပီတာ ပြောသမျှ အကုန်အမှန်တွေ ချည်းပဲလို့ ရှင့်ကို မယူဆစေချင်ဘူး၊ တစ်ဖက်မှာ လည်း သူ့ကို ညာပြောနေတာလို့ ထင်ရင် ရှင်မှာ းလိမ့်မယ်'

'ခင်ဗျားဆိုလိုတာက သူပြောတာတွေ ထဲက တချို့တစ်ဝက်ကိုပဲ ယုံပြီး ကျန်တာတွေ ကို မယုံသင့်ဘူးလို့ ပြောချင်တာပေါ့'

'ကျွန်မ ပြောချင်တာ အဲဒီ အတိုင်းပဲ'

'ခင်ဗျားရဲ့ လိင်အမူအကျင့်၊ တစ်နည်းပြောရရင် လိင်စိတ်ဆန္ဒ ကင်းမဲ့ခြင်းက ကျွန်တော် နဲ့ မဆိုင်ပါဘူး မစ္စ စတေမင်၊ ပီတာပြောတာ အမှန် ဖြစ်နေဦးတော့ ကျွန်တော် အတွက် ဘာမှ မထူးပါဘူး၊ ကျွန်တော့် အလုပ်သဘာဝ က အရာရာတိုင်းကို နည်းနည်း စီတော့ ထိတွေ့ဖို့လိုတယ်၊ ဒါပေမဲ့ အရာရာတိုင်းကို တစ်ထိုင်တည်း အကဲဖြတ်ဖို့ လုံးပန်းနေရင်တော့ ခရီးရောက်တော့မှာ မဟုတ်ဘူး၊ ကျွန်တော့် အလုပ်က လူတွေ ရဲ့ အတွင်း ရေး တွေ ကို နားထောင်ရလေ့ရှိပါတယ်။ တစ်ချိန်တည်းမှာ ကျွန်တော့် ပါးစပ်ကိုလည်း အမြဲပိတ်ထားရပါတယ်၊ အမှု ကိစ္စနဲ့ တိုက်ရိုက် မသက်ဆိုင် ရင် ကျွန်တော် အဲဒီ အချက်အလက်ကို သုံးလေ့မရှိပါဘူး'

မစ္စ စတေမင်လည်း မျက်နှာနီရဲသွားပြီး-

'ပီတာ ပြောသလို မဟုတ်ဘူးဆိုတာ ရှင့်ကို သိစေချင်တာပါ'

ကွင်းလည်း ပခုံးကို တွန့်လိုက်ပြီး စီးကရက်တစ်လိပ်ထုတ်ကာ မီးညှိလိုက်သည်။

'ဘယ်လိုပဲ ဖြစ် ဖြစ် အဲဒါက အရေး မကြီးပါဘူး၊ ကျွန်တော် စိတ် ဝင်စားတာက ပီတာပြောခဲ့တဲ့ တခြားအကြောင်းတွေ ပါ၊ အဲဒါတွေ ကတော့ အမှန်တွေ ပဲလို့ ကျွန်တော် ယူဆမိတယ်၊ အဲဒီ အပေါ် ခင်ဗျားအမြင်ကိုလည်း ကြားပါရစေဦး'

'ဟုတ်ပါတယ်၊ အဲဒါတွေ ကတော့ အမှန်တွေ ပါ'

ဗာဂျီးနီးယား စတေမင်လည်း ကုလားထိုင်ကို ဆုပ်ကိုင်ထားတာ ဖြေလျှော့ပြီး သူမ ညာဘက်လက်နဲ့ မေးထောက်ကာ အတွေ းနက်နေ ခဲ့သည်။ ထို့နောက် မယိုင်းမယိုင် ရိုးဖြောင့်သော စိတ်နေစိတ်ထားတစ်ခုဖြင့် ကြိုး စားပြီး ပြောသည်။

'ပီတာက ကလေး တစ်ယောက် လို ပြောတာပေမယ့် သူပြောသမျှတွေ က အမှန်တွေ ချည်းပါပဲ'

'အဖေလုပ်သူအကြောင်း တစ်ခုခုပြောပါလား၊ ခင်ဗျားစိတ်ထဲ သင့်တော် မယ်ထင်တဲ့အချက်တွေ ရှိရင်ပေါ့'

'ပီတာရဲ့ အဖေက ဘော့စတွန်က စတေမင် တစ်ယောက် ပါ၊ အဲဒီ မိသားစုအကြောင်း ရှင်ကြားဖူးမှာ ပေါ့၊ ဆယ့်ကိုးရာစုကို ပြန်ကြည့်လိုက်ရင် အာဏာပိုင် အတော် များများ က သူတို့မိသားစုဝင်တွေ ပဲ၊Episcopal ဘုန်းကြီးတွေ ၊ သံအမတ်ကြီးတွေ နဲ့ ဟားဗတ်အဓိပတိ တစ်ယောက် တောင် ပါသေးတယ်၊ တစ်ချိန်တည်းမှာ အထည်အလိပ်နဲ့ သင်္ဘောလုပ်ငန်းတွေ ကနေလည်း ပိုက်ဆံတွေ လိမ့်ဝင်ခဲ့တယ်၊ တခြား ဘာတွေ လုပ်သေးလည်း တော့ ဘုရားမှပဲ သိမယ်၊ အသေးစိတ်တွေ က အရေး မကြီးပါဘူး၊ ရှင့်ကို နောက်ခံအခြေအနေလေး အကြမ်းဖျင်း သိရအောင် ပြောပြတာပါ။

ပီတာ့အဖေလည်း တခြားမိသားစုဝင်တွေ လိုပဲ ဟားဗတ်ကို သွား တက်ပြီး ဒဿ နနဲ့ ဘာသာရေး ကို လေ့လာခဲ့တယ်၊ သူက အဘက်ဘက်မှာ ထူးချွန်လှတယ်၊ ကမ္ဘာသစ် (အမေရိကား) အပေါ် ဆယ့်ခြောက်ရာစုနဲ့ ဆယ့်ခုနစ်ရာစုခေတ် ကျမ်းစာ လေ့လာရေး ကျောင်းတွေ ရဲ့ အဓိပ္ပာယ် ဖွင့်ဆိုချက်တွေ အပေါ် သူစာတမ်းပြုစုခဲ့တယ်၊ ပြီးတဲ့နောက် ကိုလံဘီယာ တက္ကသိုလ်ရဲ့ ဘာသာရေး လေ့လာရေး ဌာနမှာ အလုပ်ရခဲ့တယ်။

သိပ်မကြာခင်ပဲ ပီတာ့အမေကို လက်ထပ်ခဲ့တယ်၊ သူ့အမေ အကြောင်းတော့ ကျွန်မလည်း ကောင်းကောင်းမသိဘူး၊ ကျွန်မ ဓာတ်ပုံ တွေ မှာ တွေ့ဖူးတာတော့ သူ့အမေက အရမ်းလှတယ်၊ ဒါပေမဲ့ အရမ်းနူးညံ့ သိမ်မွေ့တယ်၊ အပြာဖျော့ဖျော့မျက်လုံးတွေ နဲ့ ဖြူဆွတ်တဲ့ အသားအရေက ပီတာနဲ့တူတယ်၊ နောက် နှစ် အနည်းငယ်အကြာ ပီတာ့ကို မွေးဖွားချိန်မှာ သူတို့မိသားစုက Riverside Drive ရဲ့ အိမ်ခန်းတွဲ ကြီးတစ်ခုမှာ နေထိုင် နေခဲ့ကြတယ်။ စတေမင်ရဲ့ ပညာရှင်ဘဝကလည်း အောင်မြင်မှု တွေ ဝေဆာ လို့ သူက သူ့ရဲ့ ကျမ်းကို ပြန်ရေး ပြီး စာအုပ်အ ဖြစ် ပြောင်းလိုက်တယ်၊ စာအုပ်က ကောင်းလွန်းတဲ့အတွက် သူ့မှာ အသက်သုံးဆယ့်လေး သုံးဆယ့် ငါးနဲ့ ပါမောက္ခရာထူးကို ရခဲ့တယ်။ ဒီနောက်တော့ ပီတာ့အမေ သေဆုံး သွားတယ်။

သေဆုံးမှု နဲ့ ပတ်သက်ပြီး ရှင်းရှင်းလင်းလင်း မရှိခဲ့ဘူး။ စတေမင် ကတော့ သူမ အိပ်နေရင်း သေဆုံးသွားတာလို့ ဆိုတယ်၊ ဒါပေမဲ့ အထောက် အထားတွေ အရ သတ်သေတယ်လို့ ယူဆရတယ်၊ အိပ်ဆေးတွေ လွန်သွား တဲ့ပုံပဲ၊ ဒါပေမဲ့ ဘာမှ သက်သေတော့ မပြနိုင်ဘူး၊ သူမကို သူ သတ်တာလို့ ပြောတာတွေ တောင် ရှိခဲ့တယ်၊ ဒါပေမဲ့ ဒါတွေ က ကောလာဟလ သက်သက်ပါပဲ၊ အဲဒီ ကနေ ဘာမှ မထွက်လာပါဘူး၊ ဖြစ်ရပ်တစ်ခုလုံးကို ရေငုံနှုတ်ပိတ်နေခဲ့ကြတယ်။

အဲဒီ အချိန်မှာ ပီတာက နှစ် နှစ် သားပဲ ရှိသေးတယ်၊ တကယ့် ပုံမှန်ကလေး တစ်ယောက် ပါပဲ၊ သူ့မိန်းမ သေပြီးတဲ့နောက် စတေမင့်မှာ သူ့သားကို ဘာမှ သိပ်ပြီး စောင့်ရှောက်မှု မပေးနိုင်ခဲ့ဘူး။ သူနာပြုတစ်ယောက် ငှားပြီး နောက်ထပ်ခြောက်လနီးနီးလောက် ပီတာ့ကို စောင့်ရှောက်ခိုင်းခဲ့ တယ်၊ ဒီနောက် ရုတ်တရက်ကြီး သူမကို စတေမင်က အလုပ်ထုတ်ပစ် လိုက်တယ်၊ ကျွန်မ သူ့နာမည် တော့ မေ့သွားပြီ၊ မစ္စ ဘာဘာလို့ ထင်တာပဲ၊ သူမက တရားရုံးမှာ လာထွက်ဆိုခဲ့သေးတယ်၊ ဖြစ်ပုံရတာ က စတေမင် က တစ်နေ့ အိမ်ပြန်လာပြီး ပီတာ့ကို သူကိုယ်တိုင်ပဲ ကြီးပြင်းအောင် စောင့်ရှောက်တော့မယ်လို့ သူမကို ပြောခဲ့ပါလိမ့်မယ်၊ သူက ကိုလံဘီယာ တက္ကသိုလ်ကို နုတ်ထွက်စာတင်ပြီး သူ့သားအတွက် အချိန်အပြည့်အဝ ယူချင်လို့ နုတ်ထွက်ရပါတယ်လို့

သူတို့ကို အကြောင်းပြခဲ့တယ်၊ သူ့အတွက် ပိုက်ဆံက ကိစ္စမရှိဘူးလေ၊ ထပ်မရှာလည်း ရနေတာပဲ မဟုတ်လား။

အဲဒီ နောက် သူ လူမြင်ကွင်းက ပျောက်နေခဲ့တယ်၊ သူက အဲဒီ တိုက်ခန်းမှာ နေဆဲပဲဆိုပေမယ့် အပြင်ထွက်ခဲတယ်၊ ဘယ်လို ဖြစ်ခဲ့သလဲ ဆိုတာ ဘယ်သူမှ မသိကြဘူး၊ ဖြစ်နိုင်တာက ကျွန်မအထင် သူ ရေး ခဲ့ဖူးတဲ့ မယုံနိုင်စရာ ဘာသာရေး အတွေ းအခေါ်တချ ့ကို သူစပြီး ယုံကြည်လာခဲ့ တယ်၊ အဲဒါက သူ့ကို အစွန်းရောက်စွဲလမ်းစေပြီး လုံးလုံး ရူးသွပ်သွားစေခဲ့ တယ်လို့ပဲ ပြောရမှာ ပဲ၊ တခြားနည်းလည်း ပြောစရာမရှိဘူး၊ သူက ပီတာကို အခန်းတစ်ခန်းထဲမှာ သော့ ခတ်ထားခဲ့တယ်၊ ပြတင်းပေါက်တွေ ကို ပိတ် ဆို့ကာရံပြီး သူ့ကို အဲဒီ အထဲမှာ ကိုးနှစ် တိတိထားခဲ့တယ်၊ စဉ်းစားကြည့် ပါဦး၊ မစ္စတာ အော်စတာ၊ ကိုးနှစ် တောင်မှ၊ ကလေးဘဝတစ်လျှောက်လုံး က အမှော င်ထဲမှာ ကမ္ဘာကြီးနဲ့အဆက်ပြတ်ပြီး တစ်ယောက် ထဲ အထီးကျန် နေခဲ့ရတယ်၊ တစ်ခါတစ်ရံ ရိုက်နှက်တဲ့အခါကလွဲလို့ လူရိပ်လူယောင်ကို မတွေ ့ခဲ့ရဘူး၊ အဲဒီ စမ်းသပ်မှု ရဲ့ အကျိုးဆက်ရလဒ်တွေ အကုန်လုံးကို ကျွန်မ မြင်ခဲ့ရတယ်၊ အရမ်းကို ဆိုးဆိုးရွားရွား ရက်ရက်စက်စက် ထိခိုက်ခဲ့တယ် ဆိုတာတော့ ကျွန်မ ပြောနိုင်တယ်၊ ဒီနေ့တွေ ့ရတဲ့ ပီတာက အကောင်းဆုံး အနေအထားမှာ တွေ ့ရတာ ပါ၊ ဒီအဆင့်ရောက်ဖို့ ဆယ့်သုံးနှစ် လုံးလုံး အချိန်ယူကြိုး စားခဲ့ရတယ်၊ ဒီ့အတွက် သူ့ကို ပြန်ပြီးထိခိုက်မယ့်ကိစ္စမျိုးကို ကျွန်မ ခွင့်မပြုနိုင်ဘူး'

မစ္စ စတေမင်လည်း ခဏနားပြီး အသက်ကို ဝအောင်ရှူနေခဲ့သည်။

သူမမှာ ချောက်ကမ်းပါးပေါ်တွင် ကျလုဆဲဆဲ အနေအထားရောက်နေသလို မျိုး ကွင်း ခံစားလိုက်မိသည်။ နောက်ထပ် စကားလုံးတစ်လုံးလောက် ပြောလိုက်ရင်ပဲ သူမ အောက်ကို ထိုးကျသွားဖို့ ရှိနေခဲ့သည်။ သူ အခု ပြောမှ ဖြစ်တော့မည် ။ မဟုတ်လျှင် စကားစ ပြတ်သွားတော့မည် ။

'ပီတာကို နောက်ဆုံး ဘယ်လိုတွေ ့သွားကြတာလဲ'

သူမေးလိုက်သည်။

သူမမှာ စိတ်တင်းကျပ်မှု တချို့ လျော့သွားခဲ့ပုံပင်၊ သက်ပြင်းကို ကျယ်ကျယ်လောင်လောင်ချလိုက်ပြီး ကွင်းရဲ့ မျက်လုံးကို စိုက်ကြည့်နေ ခဲ့သည်။

'မီးလောင်မှု တစ်ခု ဖြစ်သွားခဲ့တယ်'

'မတော် တဆလား၊ တမင်ရှို့တာလား'

'ဘယ်သူမှ မသိဘူး'

'ခင်ဗျား ဘယ်လိုထင်လဲ'

'ကျွန်မ ထင်တာက စတေမင်က သူ့ရဲ့ သုတေသနကို လုပ်နေလိမ့် မယ်၊ သူ့ရဲ့ မှတ်တမ်းမှတ်ရာတွေ ကိုလည်း အဲဒီ မှာ ထိန်းသိမ်းထားခဲ့လိမ့် မယ်၊ နောက်ဆုံး သူ့စမ်းသပ်မှု မအောင်မြင်ဘူးဆိုတာ တဖြည်းဖြည်း သဘောပေါက်လာပါလိမ့်မယ်၊ သူ လုပ်ခဲ့တာတွေ အတွက် နောင်တရသွား တယ်လို့ ကျွန်မ မပြောဘူးနော်၊ ဒါပေမဲ့ သူ့ကိုယ်ပိုင် သတ်မှတ်ချက်တွေ နဲ့ပဲ ဖြစ် ဖြစ် သူ့ရဲ့ မအောင်မြင်မှု ကို သူသိမှာ ပဲ၊ အဲဒီ ညမှာ သူ့ကိုယ်သူ စက်ဆုပ်ရွံရှာမှု အမြင့်ဆုံးရောက်ရှိပြီး သူ့စာတမ်းတွေ ကို မီးရှို့ဖို့ ဆုံးဖြတ် ခဲ့လိမ့်မယ်၊ ဒါပေမဲ့ မီးက မထိန်းနိုင်ဘဲ အခန်းတစ်ခုလုံး လောင်သွားခဲ့တယ်၊ ကံကောင်းတာက ပီတာက ဟိုးအစွန်ဆုံး အခန်းမှာ ရှိနေတဲ့အတွက် မီးသတ်သမားတွေ က အချိန်မီ ကယ်ဆယ်နိုင်ခဲ့တယ်'

'ဒီ့နောက်ကော'

'အဲဒီ ကိစ္စက လပေါင်းများ စွာ ကြာခဲ့တယ်၊ စတေမင်ရဲ့ စာတမ်း တွေ က မီး လောင်ရာ ပါသွားတဲ့အတွက် အထောက်အထားခိုင်ခိုင်မာမာ မရှိတော့ဘူး၊ တစ်ဖက်မှာ လည်း ပီတာရဲ့ အခြေအနေ၊ သူ့ကို သော့ ခတ် ထားတဲ့အခန်း၊ ပြတင်းပေါက်တွေ ကို ပိတ်ထားတဲ့ ကြောက်စရာဘုတ်ကြီး တွေ ကလည်း ရှိနေပြန်တယ်၊ နောက်ဆုံးတော့ ရဲက အမှုတွဲ ကို တင်လိုက် တော့ စတေမင်မှာ တရားရုံးကို ရောက်ရတော့တယ်'

'တရားရုံးမှာ ဘယ်လို ဖြစ်သွားလဲ'

'စတေမင်ကို ရှုးနေပြီလို့ သတ်မှတ်ပြီး အဝေးကို ပို့လိုက်တယ်'

'ပီတာကကော'

'သူ့ကိုလည်း ဆေးရုံပို့လိုက်တယ်၊ လွန်ခဲ့တဲ့ နှစ် နှစ် ကအထိ သူ အဲဒီ မှာ နေခဲ့ရတယ်'

'အဲဒီ မှာ ခင်ဗျားနဲ့ တွေ့ တာလား'

'ဟုတ်တယ်၊ ဆေးရုံမှာ တွေ့ တာ'

'ဘယ်လိုဘယ်ပုံနဲ့'

'ကျွန်မက စကားပြောစွမ်းရည် ချို့တဲ့သူတွေ ကို ကုသတဲ့သူ၊ ကျွန်မ သူ့ကို ငါးနှစ်လုံးလုံး နေ့စဉ် လေ့ကျင့်ပေးခဲ့ရတယ်'

'ကျွန်တော် စပ်စုတာတော့ မဟုတ်ဘူး၊ ဒါပေမဲ့ ခင်ဗျားတို့ ဘယ်လိုများ လက်ထပ်ဖြစ်ကြတာလဲ'

'ပြောရရင် ခပ်ရှုပ်ရှုပ်ပဲ'

'ခင်ဗျား ကျွန်တော့် ကို ပြောချင်ရဲ့ လား မသိ'

'ကိစ္စမရှိပါဘူး၊ ဒါပေမဲ့ ရှင် နားလည်လိမ့်မယ်လို့ ကျွန်မမထင်ဘူး'

'နားလည်အောင် ကြိုး စားကြည့်ဖို့ပဲ ရှိတာပဲ'

'ကောင်းပြီလေ အရှင်းဆုံးပြောရရင် သူ့ကို ဆေးရုံမှာ နေရတဲ့ဘဝက လွတ်ပြီး ပုံမှန်ဘဝမှာ နေခွင့်ရဖို့ ဒီနည်းက အကောင်းဆုံးပဲ မဟုတ်လား'

'ခင်ဗျား သူ့ကို ဥပဒေကြောင်းအရ အုပ်ထိန်းသူအ ဖြစ် လျှောက် ထားလို့ ရတာပဲလေ'

'လုပ်ထုံးလုပ်နည်းတွေ က အရမ်းရှုပ်ထွေးတယ်၊ ဒီ့အပြင် ပီတာ ကလည်း ကလေး မဟုတ်တော့ဘူးလေ'

'ခင်ဗျားဘက်ကကြည့်ရင် အရမ်း အနစ်နာခံလိုက်ရသလို ဖြစ်မနေ ဘူးလား'

'မ ဖြစ်ပါဘူး၊ ကျွန်မ ဒီမတိုင်ခင်က တစ်ကြိမ် အိမ်ထောင်ကျဖူးပါ တယ်၊ တကယ့် ဝဋ်ဒုက္ခတစ်ခုပါပဲ၊ ကျွန်မ အဲဒီ လိုမျိုး ထပ်မကြုံချင် တော့ဘူး၊ ပီတာနဲ့ကျတော့ ကျွန်မမှာ ဘယ်လိုပဲ ဖြစ် ဖြစ် ရည်ရွယ်ချက် ကလေး ရှိသေးတယ်ဆိုရမှာ ပေါ့'

'စတေမင်ကို လွှတ်ပေးလိုက် ပြီဆိုတာ အမှန်ပဲလား'

'မနက်ဖြန် ညနေ ဘူတာကြီးကို သူ ရောက်လာလိမ့်မယ်'

'ခင်ဗျားက သူ ပီတာ့ဆီ လာမှာ ပဲလို့ ထင်တယ်ပေါ့၊ အဲဒါ ခံစားမှု သက်သက်ပဲလား၊ ဒါမှမဟုတ် အထောက်အထား တစ်စုံတစ်ရာ ရှိလို့လား'

'နှစ် မျိုးလုံးပဲ၊ လွန်ခဲ့တဲ့ နှစ် နှစ် က သူတို့ စတေမင်ကို လွှတ်ဖို့ပဲ၊ ဒါပေမဲ့ သူက ပီတာ့ဆီ စာတစ်စောင် ပို့လိုက်တယ်၊ ကျွန်မလည်း အဲဒီ စာကို အာဏာပိုင်တွေ လက်ကို အပ်လိုက်တယ်၊ ဒီနောက်တော့ သူတို့က သူ့ကို လွှတ်ဖို့ မ ဖြစ်နိုင်သေးဘူးဆိုပြီး ဆုံးဖြတ်ခဲ့ကြတယ်'

'ဘယ်လို စာမျိုးမို့လို့လဲ'

'ရူးနေတဲ့စာပါ၊ သူက ပီတာ့ကို နတ်ဆိုးလေးလို့ သမုတ်တယ်၊ တစ်နေ့နေ့မှာ သူ့ကို ဆုံးမမယ်လို့ ရေး ထားတယ်'

'ခင်ဗျားမှာ အဲဒီ စာ ရှိသေးလား'

'ကျွန်မ လွန်ခဲ့တဲ့ နှစ် နှစ် ကပဲ ရဲကို အပ်လိုက်တယ်'

'မူပွားကော ရှိလား'

'ဝမ်းနည်းပါတယ်၊ ရှင့်အတွက် အရေး ကြီးလို့လား'

'ကြီးချင် ကြီးနိုင်တယ်'

'ရှင်လိုချင်ရင် မူပွားတစ်စောင်လောက် ရှင့်အတွက် တောင်းပေး ပါ့မယ်'

'အဲဒီ နောက်တော့ နောက်ထပ်စာတွေ မရတော့ဘူး ထင်ပါရဲ့ '

'နောက်ထပ်စာတွေ မရတော့ပါဘူး၊ အခုတော့ သူတို့က စတေမင် ကို လွှတ်ပေးဖို့ သင့်ပြီလို့ ယူဆကြတယ်၊ ဒါက တရားဝင်ဆုံးဖြတ်ချက်ပဲ၊ ကျွန်မလည်း သူတို့ကို ဘယ်လိုမှ မတားနိုင်ဘူး၊ ဒါပေမဲ့ ကျွန်မထင်တာက စတေမင်က သင်ခန်းစာရသွားခဲ့ပုံပဲ၊ စာတွေ နဲ့ ခြိမ်းခြောက်နေခဲ့ရင် သူ့ကို လွှတ်ပေးဦးမှာ မဟုတ်ဘူးဆိုတာ သူ သဘောပေါက်သွားတယ်လေ'

'ဒီတော့ ခင်ဗျားက စိုးရိမ်နေတုန်းပဲပေါ့'

'အမှန်ပဲ'

'ဒါပေမဲ့ စတေမင် ဘယ်လိုကြံစည်ထားသလဲဆိုတာတော့ ခင်ဗျား မသိဘူးပေါ့'

'ဟုတ်တယ် မသိဘူး'

'ဒီတော့ ကျွန်တော့် ကို ဘယ်လို လုပ်စေချင်တာလဲ'

'ကျွန်မက ရှင့်ကို သူ့ကို ဂရုတစိုက် စောင့်ကြည့်စေချင်တယ်၊ သူ ဘာတွေ ကြံစည်နေသလဲဆိုတာ ရှင့်ကို ဖော်ထုတ်စေချင်တယ်၊ သူ့ကို ပီတာနဲ့ ဝေးရာမှာ ရှိနေဖို့ ရှင့်ကို လုပ်ပေးစေချင်တယ်'

'တစ်နည်းအားဖြင့် နောက်ယောင်ခံလိုက်တဲ့ အလုပ်မျိုးပေါ့'

'အဲဒီ လိုမျိုးပါပဲ'

'ကျွန်တော့် အနေနဲ့ စတေမင်ကို ဒီအဆောက်အဦထဲ မလာအောင် တော့ မတားနိုင်ဘူးဆိုတာ ခင်ဗျား နားလည်လိမ့်မယ်ထင်တယ်၊ ကျွန်တော် လုပ်နိုင်တာက ခင်ဗျားတို့ကို ကြိုတင်သတိပေးဖို့ပဲ။ ကျွန်တော် သူနဲ့အတူ ဒီကို လိုက်လာလို့ရအောင် လုပ်နိုင်တယ်'

'ကျွန်မ နားလည်ပါတယ်၊ တစ်စုံတစ်ရာ ကာကွယ်စောင့်ရှောက်မှု ရရင် ပြီးတာပါပဲ'

'ကောင်းပြီ၊ ခင်ဗျားနဲ့ ဘယ်လောက်ကြာ တစ်ခါ ဆက်သွယ်ရ မှာ လဲ'

'ရှင် ကျွန်မကို နေ့စဉ် အစီရင်ခံစေချင်တယ်၊ ညပိုင်း ဆယ်နာရီနဲ့ ဆယ့်တစ်နာရီကြား တယ်လီဖုန်းနဲ့ပဲ ဖြစ် ဖြစ်ပေါ့'

'အပန်းမကြီးပါဘူး'

'တခြား မေးစရာရှိသေးလား'

'မေးခွန်းနည်းနည်း ထပ်မေးပါရစေဦး၊ ဥပမာ စတေမင် မနက်ဖြန် ညနေ ဘူတာကြီးကို လာမယ်ဆိုတာ ခင်ဗျား ဘယ်လိုသိတာလဲ ကျွန်တော် စိတ်ဝင်စားတယ်'

'သိအောင်လုပ်ထားဖို့က ကျွန်မအလုပ်ပဲလေ မစ္စတာအော်စတာ၊ ဒီအတိုင်း ကံကြမ္မာကို ပုံအပ်ထားရင် ကျွန်မအဖို့ အကြီးအကျယ် ပေးဆပ် ရမှာ ပေါ့၊ စတေမင် ရောက်လာတုန်းမှ နောက်ယောင်ခံမလိုက်ရင် သူ့ကို အလွယ်တကူ မျက်ခြည်ပြတ်သွားတော့မှာ ပေါ့၊ ကျွန်မ အဲဒီ လို မ ဖြစ်စေ ချင်ဘူး'

'သူ ဘယ်ရထားနဲ့ ပါလာမှာ လဲ'

'ခြောက်နာရီ လေးဆယ့်တစ်မိနစ် Poughkeepsie က လာတဲ့ ရထား'

'ခင်ဗျားမှာ စတေမင်ရဲ့ ဓာတ်ပုံ ရှိမယ်ထင်တယ်'

'ဒါပေါ့ ရှိတာပေါ့'

'ပီတာနဲ့ ပတ်သက်ပြီး မေးချင်သေးတယ်၊ ခင်ဗျား သူ့ကို ဘာကြောင့် မို့ ဒီကိစ္စတွေ အားလုံး ဦးဦးဖျားဖျား သံတော် ဦးတင်ရတာ လဲ၊ တိတ်တိတ်လေးလုပ်ရင် ပိုမကောင်းဘူးလား'

'ကျွန်မလည်း လုပ်ချင်ပါတယ်၊ ဒါပေမဲ့ သူ့အဖေကို လွှတ်လိုက်တဲ့ အကြောင်း ဖုန်းဝင်လာတဲ့အချိန်မှာ သူက တခြားဖုန်းခွဲတစ်ခုကနေ နားထောင်နေခဲ့တယ်၊ ကျွန်မလည်း ဘယ်လိုမှ မတတ်နိုင်တော့ဘူး၊ ပီတာ က အရမ်းခေါင်းမာတယ်၊ သူ့ကို မလိမ်တာ အကောင်းဆုံးပဲလို့ ကျွန်မ နားလည်ထားတယ်'

'နောက်ဆုံးတစ်ခုမေးမယ်၊ ခင်ဗျားကို ကျွန်တော့်ဆီ ဘယ်သူ ညွှန်လိုက်တာလဲ'

'မစ္စ ဆာဗီဒရာရဲ့ ယောက်ျား မိုက်ကယ်ပဲ၊ သူက ရဲသားလုပ်ခဲ့ဖူး တယ်၊ သူ လေ့လာကြည့်တဲ့အခါ ဒီလိုကိစ္စမျိုးမှာ ဒီမြို့ မှာ ရှင် အတော် ဆုံး ပဲလို့ သူတွေ့ရတယ်'

'ကျွန်တော် က အခြောက်တိုက် နာမည် ကြီးတာ ဖြစ်မှာ ပါ'

'မစ္စတာ အော်စတာ၊ အခု ကျွန်မ ရှင့်ကို အကဲခတ်ကြည့်ရ သလောက် ကျွန်မတို့ လူရွေးမှန်တယ်ဆိုတာ သေချာပါတယ်'

ကွင်းလည်း ဒါ သူ့ကို ပြန်ဖို့ စကားစတာပဲလို့ မှတ်ယူပြီး စိတ်သက်သာသွား သည့်အနေဖြင့် ခြေထောက်တွေ ကို ဆန့်လိုက်သည်။ သူထင်ထားတာထက် ပိုပြီး အဆင်ပြေသွားခဲ့သည်။

သို့ ပေမဲ့ ခေါင်းနဲ့ ကိုယ်တွေ က ကိုက်ခဲနာကျင်ပြီး မောပန်းနွမ်းနယ်မှု ကို ခံစားလိုက်ရသည်။ သည်လိုမျိုး မကြုံတာ နှစ် နဲ့ချီကြာခဲ့ပြီ ဖြစ်သည်။ သူသာ ဆက်ပြီးနေဦးမည် ဆိုလျှင် သူ၏ တစ်ကိုယ်ရေ ခံစားမှု တွေ အကုန်လုံး ဖွင့်ဟမိတော့မှာ သေချာသည်။

'ကျွန်တော့် ကြေးက တစ်ရက်ဒေါ်လာတစ်ရာနဲ့ ကုန်ကျစရိတ် အားလုံး ပေါင်းပါ။ အလုပ်စတင်တဲ့အနေနဲ့ ကြိုတင်ငွေလေးများ ပေးထား နိုင်ရင် ကောင်းမလားလို့ ဆိုလိုတာက ခင်ဗျားနဲ့ ကျွန်တော် နဲ့ကြားက ကိစ္စမှန်သမျှကို ထိပ်တန်းလျှို့ဝှက်အနေနဲ့ ထိန်းသိမ်းထားပေးမယ်လို့ ပြောချင်တာပါ'

ဗာဂျီးနီးယား စတေမင်က ပြုံး သည်။ သူမဘာသာ စိတ်ထဲက ဟာသကို သဘောကျလို့ပဲလား၊ အဓိပ္ပာယ်နှစ် ခွထွက်သည့် သူ့ရဲ့ နောက်ဆုံး စာကြောင်းကိုပဲ တုံ့ပြန်တာလားတော့ မသိ။ တကယ်တော့ အဲဒီ နောက်ပိုင်း နေ့ရက်တွေ ၊ ရက်သတ္တပတ်တွေ မှာ ကြုံခဲ့ရသမျှအားလုံး ကွင်းအဖို့ ဘာမှ ရေရာတာ မရှိခဲ့။

'ရှင် ဘယ်လောက် ယူထားမလဲ'

သူမက မေးသည်။

'ကိစ္စမရှိပါဘူး၊ ခင်ဗျား ပေးချင်သလောက် ပေးပါ'

'ငါးရာဆိုရင်ကော'

'အတိုင်းထက်အလွန်ပါပဲ'

ဗာဂျိုးနီးယား စတေမင်က မတ်တတ်ရပ်ပြီး ကွင်းဘက်လှည့်ပြုံး ကာ ပြော လိုက်သည်။

'ကောင်းပြီ၊ ကျွန်မ ချက်စာအုပ် သွားယူလိုက်ဦးမယ်၊ ပီတာ့အဖေရဲ့ ဓာတ်ပုံလည်း ယူခဲ့မယ်၊ ဘယ်မှာ ထားသလဲ ကျွန်မ မှတ်မိသေးတယ် ထင်ပါရဲ့ '

ကွင်းက သူမကို ကျေးဇူးတင်ကြောင်းပြောပြီး စောင့်နေပါ့မယ်ဟု ပြောလိုက်သည်။ သူမထွက်သွားတာကိုကြည့်ပြီး သူ့စိတ်ထဲ နောက်တစ်ကြိမ် သူမရဲ့ အဝတ်မဲ့ ခန္ဓာကိုယ် ဘယ်လိုများ ရှိမလဲ တွေးကြည့်မိပြန်သည်။ သူမဟာ တစ်နည်းနည်း နဲ့ သူ့ရင်ခွင်ထဲ ဝင်လာဖို့ ရှိသလား၊ ဒါမှမဟုတ် သူ့စိတ်ကပဲ သူ့ကို ပြန်ဖျက်ဆီးနေတာလား မသိ။ သူလည်း သူ၏ ဆင်ခြင်သုံးသပ်မှု ကို ရွှေ့ဆိုင်းပြီး နောက်မှပဲ ဒီအကြောင်း ပြန်တွေးတော့ မည် ဟု ဆုံးဖြတ်လိုက်သည်။

ဗာဂျိုးနီးယား စတေမင်က အခန်းထဲပြန်ဝင်လာပြီး ပြောလိုက်သည်။

'ဒီမှာ ချက်လက်မှတ်၊ ကျွန်မ ရေး ထားတာတွေ မှန်ရဲ့ လား ကြည့် ပါဦး'

'ဟုတ်ကဲ့ ဟုတ်ကဲ့'

သူလည်း ချက်လက်မှတ်ကို စစ်ရင်း ပြောလိုက်သည်။

အားလုံးက ပြောစရာမရှိ။ သူ့မှာ သူ၏ ပါးနပ်မှု အပေါ် ပီတိ ဖြစ်မိသည်။ ချက်လက်မှတ်က ပေါလ်အော်စတာ နာမည် နဲ့၊ ဒီတော့ ကွင်းကို လိုင်စင်မရှိဘဲ အလွတ်စုံထောက် အယောင်ဆောင်မှု နဲ့ တရားစွဲလို့ မရ။ ထို့အပြင် သူ့စိတ်ထဲမှာ ဒီအလုပ်အပေါ် သဲသဲကွဲကွဲ ဖြစ်သွားသည့် အတွက်လည်း ဘဝင်ကျသွားမိသည်။ သူ့အနေနဲ့

ဒီချက်လက်မှတ်ကို ငွေသားအဖြစ် ပြောင်းမထုတ်နိုင်လည်း ကိစ္စမရှိ။ သူ ဒီအလုပ်ကို ငွေကြေး အတွက် လုပ်နေတာ မဟုတ်မှန်း နားလည်သွားခဲ့သည်။

သူ့ ဂျက်ကက်ရင်ဘတ်ရှိ အိတ်ထဲ ချက်လက်မှတ်ကို လျှောထည့် လိုက်သည်။

'ပုံက နည်းနည်း ဟောင်းနေတာတော့ ဆောရီးပဲ၊ ဒီမှာ ရေး ထားတဲ့ နေ့စွဲအရတော့ လွန်ခဲ့တဲ့ အနှစ် နှစ် ဆယ်ကပုံပဲ၊ ကျွန်မလည်း ဒါပဲ ရှာလို့ တွေ့တော့တယ်'

ကွင်းလည်း ဓာတ်ပုံထဲက စတေမင်၏ မျက်နှာကို တစ်ခုခုများ လင်းပွင့်သိမြင်လာမလား မျှော်လင့်ချက်နဲ့ ကြည့်လိုက်သည်။ သူ၏ မသိစိတ်ထဲက သိထားသမျှနဲ့ ဒီလူ့ကို ရုတ်တရက် နားလည်လာမလား အတွေးနဲ့။ သို့သော် ဓာတ်ပုံက သူ့ကို ဘာမှ မပြောနိုင်။ လူတစ်ယောက် ရဲ့ ဓာတ်ပုံတစ်ပုံဆိုတာကလွဲလို့ ဘာမှ မပြောနိုင်။ သူ့မှာ နည်းနည်း ကြာကြာ ကြည့်လိုက်ပြီး ဒါ ဘယ်သူမဆို ဖြစ်နိုင်တာပဲဟု ကောက်ချက် ချမိတော့သည်။

'ကျွန်တော် အိမ်ရောက်မှ သေသေချာချာ ကြည့်ပါဦးမယ်'

သူက ချက်လက်မှတ်ထည့်သည့် အိတ်ကပ်ထဲ ဓာတ်ပုံကိုထည့်ပြီး ပြောလိုက်သည်။

'ဒီကြားထဲက နှစ် ကာလတွေ ကို ထည့်တွက်ပြီး မှန်းကြည့်ရင်တော့ မနက်ဖြန် ဘူတာမှာ သူ့ကို မှတ်မိမှာ သေချာပါတယ်'

'ကျွန်မလည်း ဒီလိုပဲ ထင်ပါတယ်၊ ဒီကိစ္စက အရမ်းကို အရေး ကြီးတဲ့ ကိစ္စပါ၊ ကျွန်မ ရှင့်ကို အားကိုးပါတယ်'

'မစိုးရိမ်ပါနဲ့'

ကွင်းက ပြောလိုက်သည်။

'အခုအထိ ကျွန်တော် လိုက်တဲ့အထဲမှာ မအောင်မြင်တဲ့အမှု မရှိ သေးဘူး'

သူမလည်း သူ့ကို တံခါးအထိ လိုက်ပို့သည်။

ထိုနေရာတွင် စက္ကန့်အတော် ကြာရပ်ပြီး တစ်ခုခုပဲ ထပ်ပြောရ မလား၊ ဝွတ်ဘိုင်လို့ပဲ တန်းပြောရတော့မလား မသိနဲ့ သူတို့မှာ အသံ တိတ်နေခဲ့ကြသည်။

ထိုအချိန်ပိုင်းလေးတွင် ဗာဂျီးနီးယား စတေမင်က ရတ်တရက် ကွင်းပခုံးကို သိုင်းဖက်ပြီး တပ်မက်စွာ နမ်းလိုက်သည်။ သူ့ပါးစပ်ထဲ သူမလျှာကို ထည့်သွင်းမွှေနှောက်လို့ ကွင်းမှာ ရတ်တရက် အံ့အားသင့် လွန်းလှသဖြင့် သူ့မှာ ဘာအရသာမှတောင် မခံစားနိုင်။

သူ အသက်ပြန်ရှူနိုင်သည့်အချိန်မှာ တော့ မစ္စ စတေမင်က သူနဲ့ လက်တစ်ကမ်းအကွာကနေ ရပ်ပြီး ပြောသည်။

'ဒါ ပီတာ ပြောတာမဟုတ်ကြောင်း သက်သေပြတာ၊ ရှင် ကျွန်မ ကို ယုံကြည်နေဖို့ အရမ်းအရေး ကြီးတယ် မဟုတ်လား'

'ကျွန်တော် ခင်ဗျားကို ယုံပါတယ်၊ တကယ်လို့များ ကျွန်တော် ခင်ဗျားကို မယုံကြည်ဘူးဆိုရင်လည်း ကိစ္စတော့ မရှိပါဘူး'

'ကျွန်မက ရှင့်ကို ကျွန်မ ဘာလုပ်နိုင်သလဲ သိစေချင်တာပါ'

'ကျွန်တော် အခု ကောင်းကောင်းသိပြီလို့ ထင်ပါတယ်'

သူမက သူ့ညာဘက်လက်ကို လက်နှစ် ဖက်နဲ့ယူပြီး နမ်းလိုက်သည်။

'ကျေးဇူးပဲ မစ္စတာ အော်စတာ၊ ဒီကိစ္စကို ရှင်ပဲ ဖြေရှင်းပေးနိုင်မယ် ဆိုတာ ကျွန်မသိတယ်'

သူလည်း သူမကို နောက်ည ဖုန်းဆက်ပါမည် ဟု ကတိပေး လိုက်သည်။

ထို့နောက် တံခါးမှထွက်ကာ ဓာတ်လှေကားနဲ့ အောက်ထပ်ကို ဆင်း၊ အဆောက်အဦထဲက ထွက်လာခဲ့မိသည်။ သူ လမ်းမပေါ်ရောက်တော့ သန်းခေါင်ကျော်နေခဲ့ပြီ။ ။